


# သော်တာဆွေ


## ဝတ္ထုမြားတစ်ပြည်

### ဘဝသရုပ်ဖော် ဝတ္ထုတိုများ

ကာတွန်းမောင်မောင်အောင်၊ ၂၀၂၅

mgyoe.com

SAMPLE BOOK



# သော်တာဆွေ

## ဝတ္ထုပြုးတစ်ပြည်

ဘဝသရုပ်ဖော် ဝတ္ထုတိုများ

ISBN 9789997136480
TTS52
9 789997 136480
MMK 9,500.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ပတ္တမြားတစ်ပြည်

## ဘဝသရုပ်ဖော် ဝတ္ထုတိုများ

## သော်တာဆွေ

ပထမအကြိမ် ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

ပတ္တမြားတစ်ပြည် ဘဝသရုပ်ဖော်ဝတ္ထုတိုများ။ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - ကာတွန်းမောင်မောင်အောင်
စာမျက်နှာ ၂၅၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ နိဒါန်းအပြုး နိဂုံးအလွမ်း ၃
၂။ သူတောင်းစားကြီးတစ်ယောက်အကြောင်း ၂၆
၃။ ချက်အရက် ၇၀
၄။ ကြုံ့ရပြန်ပြီကော ၇၄
၅။ ပုရွက်အုံမျှနှယ် ၈၄
၆။ ဩော်... ရှိဘာ... ရှိဘာ ၉၀
၇။ ပတ္တမြားတစ်ပြည် ၁၀၉
၈။ ဖွတ်မရ ၁၂၈
၉။ ရဲနီနှင့် ငွမ်းပုံတို့မောင်နှမ ၁၃၄
၁၀။ သားမိုက်အိမ်ပြန် ၁၄၇
၁၁။ ဩော်... သေသော်မှတည့် ၁၅၈
၁၂။ သူတို့တပျော် ၁၆၇
၁၃။ သည်ခေတ်နှင့် သည်ရွာ ၁၈၂
၁၄။ အပြောမတော် တစ်ခွန်း ၁၉၁


---

* လုံးချင်းများတွင် မပါဝင်သေးသော မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သည့် ဆရာကြီး၏ ဘဝသရုပ်ဖော်ဝတ္ထုတိုများ စုစည်းခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK



၁၅။ ခရီးတစ်ထောက် ၁၉၇

၁၆။ စိတ်ကူးယဉ်နှင့် ဘဝကိုယ်တွေ့ ၂၀၃

၁၇။ အသွင်အပြင်နှင့် အထင်အမြင် ၂၂၀

၁၈။ ခွေးကလေးနီဘား ၂၃၂

၁၉။ စေတနာမေတ္တာရှင်မလေး ၂၄၇


■

mgyoe.com

mgyoe.com SAMPLE BOOK

## နိဒါန်းအပြုံး နိဂုံးအလွမ်း

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ဆောင်းရာသီ၊ ဆီးနှင်းထူပြောလှသော မိုးညှင်းမြို့ ညနေ နေထန်းတစ်ဖျားခန့်၌ပင် အဇဋ္ဌာခွင်ကို နှင်းငွေ့များဖုံး၍ နေလုံး ပျောက်နေပေပြီ။

ဤအချိန်တွင် မိုးညှင်းမြို့ ဘူတာရှေ့ မျက်နှာစာဝယ် နက်ဖြန်ခါ ကသာမြို့သို့ ယူဆောင်သွားကြမည့် မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီ စသော ဟင်းသီးဟင်းရွက်များ၊ ကြက်ခြင်း၊ ဘဲခြင်းများ၊ လေးဖက်တုပ်ထားသော ဝက်များ၊ တင်လွှယ်ချလွယ်သော ဆန်အိတ်ငယ်များနှင့် ခြင်းတောင်းထမ်းပိုးထမ်း ရှမ်းဈေးသည် ခရီးသည်တို့မှာ လာမည့် မီးရထားကြီးကို ကြို့မျှော်လျက် နေကြလေ၏။

အူ... ဟူး... ဟူး...

မြစ်ကြီးနားမှ ပြန်လာသော မီးရထားကြီးသည် မြို့အဝင် မှတ်တိုင်မှ နေ၍ ဥသြသံ ပေးလိုက်သောအခါ၌ကား "ငါတို့ နေရာမှ လွယ်လွယ်ရပါ့ မလား" ဟု စိတ်စောနေကြသော ထိုပရိသတ်ကြီးမှာ မိမိတို့၏ ဝန်စည်စလယ်တို့ကို သယ်ပိုးလျက် ပရွက်ဆိတ်အုံထဲ မီးကျီးခဲ ကျဘိသကဲ့သို့ လှုပ်လှုပ်ရွရွ ဆူညံသွားလေ၏။

ထိုစဉ်က မိုးညှင်းမြို့သည် ဤမီးရထားလမ်းမှလွဲ၍ အခြားသော ရေလမ်း၊ ကားလမ်းမရှိ၊ ပကတိသေးငယ်လှသော ကျေးရွာသာသာမျှ တော မြို့ကလေးဖြစ်၍ အခြားလှုပ်ရှားမှုထက် ဤမီးရထားအဝင်အထွက်သည်ပင်

mgyoe.com

mgyoe.com  SAMPLE BOOK 

စည်ပင် ထူးခြားခြင်း ဖြစ်လေရကား မီးရထားဝင်သံကို ကြားလိုက်ရလျှင် ဘူတာတွင် စောင့်မျှော်နေကြသူတို့ကို မဆိုထားဘိ၊ ရထားလမ်း အနီးအပါး က လူများသည် အိမ်ပေါက်ဝအသီးသီးမှ ထွက်၍လည်းကောင်း၊ အချို့ ခပ်လှမ်းလှမ်းမှ ဘူတာဆီသို့ သုတ်ခြေတင်ခဲ့၍လည်းကောင်း၊ တစ်မြို့တစ် နယ်မှ ပြန်လာခဲ့သော သူတို့ မြင်နေကျ၊ တွေ့နေကျ မီးရထားကြီးကို မရိုးနိုင်၊ မငြီးနိုင် စိတ်ဝင်စားလိုက်ကြလေသည်။

၎င်းတို့အာရုံ၌ကား ဤမီးရထားကြီးသည် ထူးဆန်းသော အရာ ဝတ္ထု (သို့မဟုတ်) အဖြစ်အပျက်တစ်ခုခုကို ယူငင်လာလေမည်လော၊ သူတို့ အသိမိတ်ဆွေများ ပါလာလေမည်လားဟု မျှော်လင့်တတ်ကြပေရာ တစ်ခါ တစ်ရံ ပုလိပ်ဘက်မှ လူဆိုးများကို ဖမ်းလာခြင်း၊ ယစ်မျိုးဘက်မှ အရက် (သို့မဟုတ်) ဘိန်းများ ဖမ်းတတ်ခြင်းကိုလည်းကောင်း တွေ့ရှိတတ်ကြလေ သည်။

ဤသို့လျှင် အလုပ်မရှိဘဲ စိတ်ဝင်စားကြသူများနှင့် ဖော်ပြခဲ့သော ခရီးသည်များသည် ရထားအဝင်တွင် ဘူတာပလက်ဖောင်းပေါ်၌ ကြိတ် ကြိတ်တိုးမျှ စည်ကားနေပေရာ ရထားရပ်ဆိုက်လိုက်သောအခါတွင် ထို ရထားသည် ဤဘူတာ၌ တစ်ညလုံး အိပ်စက်မည်မှန်ပါလျက် ရထားပေါ်မှ ဆင်းသူ နည်းပါး၍ နောက်ထပ်တက်သူတွေက များပြားလှလေသည်။

အကြောင်းမူကား အထက်မှ ပါလာခဲ့သော နက်ဖြန် ခရီးဆက်မည့် သူများသည် အိပ်ရာနေရာ ချဲ့ထွင်ပြင်ဆင်နေ၍လည်းကောင်း၊ မိုးညှင်းမှ လိုက်ပါမည့်သူများသည် သူတို့ပစ္စည်းများနှင့် ယခုပင်တက်၍ နေရာယူ ထားမှ နက်ဖြန်ခါ ရှောရှောရှူရှူ ပါနိုင်မည်ဖြစ်သောကြောင့်လည်းကောင်း၊ 'ညင်–ညယ်–ယော်–ပ–' စသော အညာရှမ်းတို့၏ အသံများနှင့် ဆူညံစွာ နေရာယူနေကြခြင်းဖြစ်ပေ၏။

ရထားဆိုက်လျှင် နောက်တစ်နေ့အတွက် နေရာထိုင်ခင်း ပူပင်ရန် မရှိဘဲ အေးဆေးစွာ ဆင်းလာနိုင်သူတို့မှာ မီးရထားအရာရှိများသာ ဖြစ်ပေရာ ထိုအချိန်တွင် တွဲတစ်တွဲမှ အမေရိကန်ဂျာကင်အင်္ကျီ၊ ဘောင်းဘီရှည်တို့နှင့် ခြေလှမ်းမှန်ကန်စွာ ဆင်းလာသူနှစ်ယောက်မှာ ယခုရေးသားမည့်အဖြစ် အပျက်ကို အစထွင်ပေးသည့် မီးရထားလက်မှတ်စစ်နှစ်ယောက် ဖြစ်ပေ၏။

mgyoe.com

သူတို့နှစ်ယောက်သည် မီးရထားစာတိုက်တွဲဆီသို့ လျှောက်လာကာ ရောက်လျှင် တွဲတံခါးဝမှနေ၍ အထဲသို့ ငုံ့ကြည့်လိုက်ပြီး...

"ဗျို့ ကိုသိန်းအေး ခွေတုန်းပဲလားဗျ၊ ကိုယ့်လူ တော်တော်သောက်ထားတယ်ထင်တယ်" ဟု အသံပေးလိုက်ရာ တွဲထဲမှ လူရွယ်တစ်ယောက်သည် အိပ်ရာပေါ် မှိန်းနေရာမှထကာ...

"သောက်ဖို့နေနေသာသာဗျာ... တစ်နေ့လုံး ပူလွန်းလို့ လူနုံးပြီး မှိန်းနေတာဗျ"

"ဒါဖြင့် မသောက်ရသေးရင်... အခု ကျွန်တော်တို့နဲ့ တရုတ်ဆိုင်သွားပြီး ထမင်းစားရင်း သောက်ကြတာပေါ့ဗျာ"

ထိုလက်မှတ်စစ်နှစ်ယောက်ကား တစ်လမ်းလုံး သောက်လာခဲ့ကြသဖြင့် မျက်နှာများ နီရဲလျက်ရှိကြလေသည်။

တွဲထဲမှ ကိုသိန်းအေးဆိုသူသည် မျက်နှာသုတ်ပဝါနှင့် ချွေးများကို သုတ်ရင်း...

"အလိုလေး၊ ကိုလှငွေနယ် ခုအချိန်မှာ ကျွန်တော်သောက်ချင်စိတ်လုံးဝ မရှိသေးဘူး။ ပထမဦးဆုံးလိုချင်တာက ရေအေးအေးလေး ချိုးလိုက်ချင်တာပါပဲဗျာ"

ထိုစကားကိုကြားလျှင် လက်မှတ်စစ်နှစ်ယောက်သည် ခွက်ထိုးခွက်လန် ရယ်မောကြကာ ကိုလှငွေဆိုသူ အရပ်ရှည်ရှည်လူက...

"ခင်ဗျား ရေချိုးချင်တယ် ဟုတ်လား၊ သို့သော် အခု ခင်ဗျား တွဲပြင်ကိုဆင်းလိုက်ပါ။ သုံးမိနစ်အတွင်း ခင်ဗျားရေချိုးချင်စိတ် ပျောက်ပြီး အရက်သောက်ချင်စိတ်မပေါက်ရင် ကျုပ်လည်ပင်းကို× × × ပန်းကုံးစွပ်လိုက်ပေါ့ဗျာ။ အဟုတ်၊ ဟား... ဟား... ကိုသိန်းအေးက မိုးညှင်းရာသီဥတုကို မသိသေးဘဲကိုး... ကိုအောင်ကြီးရဲ့" ဟု သူ့အဖော် လက်မှတ်စစ်ကိုကြည့်၍ ပြောလိုက်၏။

ကိုအောင်ကြီးဆိုသူ အသားမည်းမည်းလူကလည်း အရက်ရှိန်ကြောင့် ထူအန်းနေသော မျက်နှာကို လက်ဖြင့်ပွတ်ကာ အာလေးလျှာလေး အသံနှင့်...

"ဟော ဒီအထက်မြန်မာပြည်မှာ အချမ်းဆုံးဟာ မိုးညှင်းပေါ့ ကိုသိန်း

m.gyoe.com

mgyoe.com  SAMPLE BOOK 

အေးရဲ့၊ ခင်ဗျားအောက်ဆင်းလိုက်ရင် တစ်ခါတည်း ရေခဲတိုက်ထဲ ဝင်လိုက်သလို အေးပါလိမ့်မယ်။ ခင်ဗျားရထားထဲမှာက နေ့ခင်းက ပါလာတဲ့ အပူငွေ့တွေကြောင့် အိုက်နေတာဗျာ"

ထိုအခါတွင် ဘူတာမှ ပေါ်တာလေးရောက်လာ၍ သူတို့၏အိပ်ရာလိပ်များနှင့် အခြားပစ္စည်းတွေ သိမ်းဆည်းကာ မီးရထားကွာတာထဲရှိ ခုညသူတို့အိပ်စက်ရမည့် တည်းအိမ်သို့ယူသွားရန် ခိုင်းစေပြီး သုံးယောက်သားပလက်ဖောင်းပေါ်မှ ရထားနောက်ပိုင်းသို့ လျှောက်ခဲ့ကြလေ၏။

သုံးလေးတွဲမျှ ကျော်မိလျှင် အင်မတန် နှုတ်ရှင်သော ကိုလှငွေသည် သူ့အသိ မိန်းမပျိုလေးတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့်...

"အလို... မထွေးနုပါလား၊ ဘယ်ကိုသွားမလို့လဲ ကသာလိုက်မလို့လား"

မိန်းမပျိုသည် ရုတ်တရက်ကြားရသော ကိုလှငွေ၏အသံလာရာဘက်သို့လှည့်ပြီး "ဟင်... ကိုလငွေကြီး" (သူတို့အရပ်တွင် အများအားဖြင့် ဟ,ထိုးအသံ မပါချေ) "ဟုတ်တယ် ကျွန်မ ကသာလိုက်မလို့"

ကိုလှငွေသည် စုံထောက်ဝတ္ထုများကို အလွန်ဖတ်၍ စုံထောက်စိတ်ပေါက်နေသူပီပီ မိန်းမပျို၏ အဝတ်အစားကို သေသေချာချာကြည့်ပြီး–

"ဟိ... ဟိ... မဟုတ်ခါမှလွဲရော... မထွေးနုတော့ ရုတ်တရက် အရေးကြီးတဲ့ကိစ္စနဲ့ ကပျာကယာလိုက်လာတာနဲ့တူပါရဲ့"

မိန်းမပျိုသည် ရုတ်တရက် အံ့အားသင့်သလိုဖြစ်သွားကာ...

"ဟင်... ကိုလငွေကြီးပြောတာ မှန်တာပ၊ ဘယ်လိုလုပ်သိသလဲ၊ အရေးကြီးဆို ဟော့ဒီက ကျွန်မတို့အဒေါ်ကြီးက လိုက်လာပြီး ဘူတာမှာ ကျွန်မနဲ့တွေ့တော့ ကသာက ကျွန်မရဲ့အစ်မတစ်ယောက် ဖျားနေတာ သွားကြည့်မယ်ဆိုတာ သိရတာနဲ့ အိမ်က အမေ့ကို လူကြုံနဲ့ပြောခိုင်းပြီး လိုက်လာခဲ့ရတာပ။ အိမ်ပြန်ပြီး အဝတ်အစားတောင် မယူခဲ့ရဘူး"

ကိုလှငွေသည် သူ့ခန့်မှန်းချက်မှန်၍ ကျေနပ်သွားကာ...

"အို... ဟုတ်ပြီ၊ ဒီလိုဆို အိပ်ရာလိပ် မပါခဲ့ဘူးပေါ့"

"ဘယ်မှာ ပါခဲ့မှာလဲပ၊ အခုညတော့ ဟောဒီအဒေါ်ရဲ့ အိပ်ရာလိပ်ထဲ နှစ်ယောက် အိပ်ရမှာပ"

mgyoe.com

m.gyoe.com SAMPLE BOOK


ဤတွင် ကိုလှငွေသည် ရုတ်တရက် စိတ်ကူးပေါက်သွားကာ...

"ဟာ... အဆင်သင့်လိုက်တာ၊ ကျုပ်တို့မှာ အိပ်ရာလိပ်တစ်ခု အပို ပါခဲ့တယ် ယူမယ်လား" ဟု ပြောလိုက်ပြီး မိန်းမပျိုလေးက မည်သို့မှ ပြန်မပြောရသေးမီ ကိုလှငွေသည် သူတို့အိပ်ရာလိပ်များကို သယ်နေသော ပေါ်တာကလေးဆီသို့ လှမ်းအော်လိုက်သည်။

"ဟေ့... ငထွန်း၊ အဲဒီသားရေကြိုးပတ်နဲ့ အိပ်ရာလိပ်ကို ဒီယူခဲ့စမ်းဟေ့"

ပေါ်တာ ငထွန်းသည် သူပြောသည့်အတိုင်း ယူလာခဲ့၍ ကိုအောင်ကြီးနှင့် ကိုသိန်းအေးတို့ အံ့အားသင့်နေစဉ်မှာပင် ကိုလှငွေသည် ထိုအိပ်ရာလိပ်ကို မထွေးနုသို့ ပေးလိုက်လေ၏။

မထွေးနုသည် ကျေးဇူးတင်စွာဖြင့် မငြင်းသာသလို ယူလိုက်သောအခါတွင် ကိုလှငွေသည် မည်သို့မျှ နောက်ထပ်မပြောတော့ဘဲ မထွေးနုအကဲကို ခတ်နေသော ကိုသိန်းအေးအား ပြုံးစိစိမျက်နှာနှင့် ကြည့်ပြီး "လာ... သွားကြစို့ ကိုသိန်းအေး" ဟုခေါ်ကာ ရှေ့မှ ဦးဆောင်သွားလေ၏။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် ကိုသိန်းအေးသည် အောင့်အည်းချုပ်တည်းထားရသောမျက်နှာနှင့်...

"ဗျို့... ကိုလှငွေ၊ ခင်ဗျားဘယ်နှယ် စေတနာ ချော်လိုက်တာလဲဗျ"

အကြောင်းမှာ ထိုအိပ်ရာလိပ်သည် ကိုသိန်းအေး၏အိပ်ရာလိပ် ဖြစ်နေ၏။

ကိုလှငွေသည် သူ့အလုပ်သူ အလွန်ကျေနပ်ဟန်နှင့်...

"ဟဲ... ဟဲ၊ အဲဒါ ခင်ဗျားနဲ့ မထွေးနုကို ဖူးစာရေးလိုက်တာလေ... ခင်ဗျား ဂေါ်လမ်း တစ်ခါတည်းပေါက်သွားတာပေါ့ဗျာ"

ကိုသိန်းအေးလည်း မျက်နှာရှုံ့ကာ...

"ဖြစ်မှဖြစ်ရလေဗျာ၊ ဟို မအဝှာကလည်း ဘာမှန်းညာမှန်းမသိ ယူလိုက်တာပဲ"

"သြော်... ဒီကောင်မလေးက ကျွန်တော်နဲ့ခင်နေတာ၊ တော်တော်ကြာပြီဗျ၊ နို့ပြီး ဒီမိုးညှင်းကလည်း ခင်ဗျားသိတဲ့အတိုင်း အိပ်ရာ၊ စောင် လုံလုံလောက်လောက်မရှိရင် ဒုက္ခဗျ"

mgyoe.com

mgyoe.com SAMPLE BOOK


"ကဲ... ဒါဖြင့် ကျွန်တော်ကတော့ ဘယ်အိပ်ရာနဲ့ အိပ်ရမလဲဗျာ"

"ကျွန်တော့်အိပ်ရာနဲ့ အိပ်ပေါ့ဗျ၊ ကျွန်တော်ကတော့ ခုည အုတ်ကျင်းက ကျွန်တော့်မြာဆီ သွားကွေးမှာဗျ၊ ဒါကြောင့် ကျွန်တော်က ခင်ဗျား အိပ်ရာလိပ်ကို ပေးခဲ့တာပေါ့ ဟုတ်ဟား၊ မနက်ကျရင်သာ ခင်ဗျား အိပ်ရာပေါ်မှာ ကောင်မလေးနဲ့အတူ သွားထိုင်ပေရော့၊ ခင်ဗျားနဲ့ မထွေးနု အကြောင်း တိုက်ဆိုင်တယ်ထင်တယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအခု ပထမဦးဆုံး ပါလာတဲ့အခေါက်မှာပဲ ကောင်မလေးနဲ့ တွေ့တွေ့ဆိုင်ဆိုင်ကြုံရတယ်။ နို့ပြီး ကောင်မလေးကလည်း ခင်ဗျားကို တော်တော်မျက်စိကျပြန်တူတယ်ဗျ။ မကြာခဏ စောင်းစောင်းပြီးကြည့်တယ်"

ကိုသိန်းအေးက သူ့စကား ဖြတ်၍–

"ကိုလှငွေနှယ် အပိုတွေ ဖြီးမနေစမ်းပါနဲ့ဗျ"

"အပိုဖြီးတာမဟုတ်ဘူးဆရာ၊ တကယ့်ကို ကြည့်လို့ကြည့်တယ်ပြောတာ"

"ဟုတ်တယ်၊ ကြည့်တာတော့ အမှန်ပဲ" ဟု ကိုအောင်ကြီးကပါ ထောက်ခံလိုက်သဖြင့် ကိုသိန်းအေးက...

"ဒါတော့ ကျွန်တော်က တစ်နယ်သားဆိုတော့ မြင်နေကျ ပုံသဏ္ဍာန်မျိုးမဟုတ်လို့ ကြည့်တာဖြစ်မှာပေါ့ဗျာ"

အမှန်မှာ ထိုအရပ်တွင် မန္တလေးက လာသူများကိုပင် 'အောက်သား' ဟု ခေါ်တတ်ကြလျက် သူတို့မျက်စိတွင် တသွေးတမွေးဖြစ်နေ၍ စိတ်ဝင်စားတတ်ကြခြင်းဖြစ်၏။

ကိုလှငွေက စကားဆက်၍...

"အေးပေါ့ဗျာ၊ ခင်ဗျားက ရန်ကုန်သားလည်းဖြစ်ပြန်၊ လူကလည်း လူချောဆိုတော့ မြန်မြန်စွဲမှာပေါ့ဗျာ၊ မထွေးနုကလည်း ဟောဒီ ကသာ၊ မြစ်ကြီးနားမီးရထားလမ်းတစ်လျှောက်မှာ ကျွန်တော် တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ အနိုပ်ဆုံးဗျ၊ အသားကလေးက ဝင်းပြီး သူ့အကြောကလေးတွေနဲ့ မျက်ခုံးမွေးက ကျောက်စိမ်းထွက်တဲ့ မိုးကောင်းမြို့သူပီပီ ကျောက်စိမ်းလို စိမ်းနေတာပဲ။ နို့ပြီး ပေါင်လုံးကြီးတွေကလည်း မနော်နွယ်ကြီးတွေ" ဟု အစချီပြီး မထွေးနု၏ ကိုယ်လုံးကိုယ်ပေါက်လှပုံကို အသေးစိတ်

mgyoe.com

mgyoe.com SAMPLE BOOK


ချီးမွမ်းခဲ့လေရာ သူတို့ထမင်းစားမည့် တရုတ်ဆိုင်ထဲရောက်မှ စကားပြောင်းတော့၏။

အချိန်မှာ နေ့နှင့်ည စပ်ကူးမပ်ကူးပင် ဖြစ်လင့်ကစား ဆီးနှင်းများ တဖွဲဖွဲကျနေသဖြင့် မိမိရှေ့တွင် ဆယ်ပေထက်ကျော်၍ မမြင်ရပေ။

ကိုလှငွေသည် စားပွဲ၌ ထိုင်မိလျှင် သူ့ဘောင်းဘီအိတ်ထဲမှ အရက်ပုလင်းကိုထုတ်လိုက်ပြီး...

"ဘယ့်နှယ် ကိုသိန်းအေး ရေချိုးချင်စိတ် ရှိသေးရဲ့လား"

ကိုသိန်းအေးသည် တံစက်မြိတ်မှ တဖြောက်ဖြောက်ကျနေသော နှင်းစက်များနှင့် အသည်းတုန်ဖွယ် ကောင်းလှသော ပတ်ဝန်းကျင်နှင့် နှင်းမှုန်တို့ကိုကြည့်ရင်း ကုတ်အင်္ကျီရင်ကိုစိလျက်...

"ခင်ဗျားတို့ပြောတာ ဟုတ်တယ်ဗျို့၊ ရေချိုးဖို့မပြောနဲ့၊ ရေချိုးတဲ့အသံကိုတောင် မကြားချင်တော့ဘူး"

"ကဲ... ဒါဖြင့် ရေသံအစား အရက်သံကြားပေရော့ဗျား" ဟုဆိုပြီး ကိုလှငွေသည် တရုတ်လာပေးသော ဖန်ခွက်များထဲသို့ အရက်ငှဲ့ထည့်ရင်း စားသောက်ဖွယ်များကို မှာယူလေ၏။ 'ပထမဦးဆုံး စွမ်တံဟင်းချိုနဲ့ ဝက်အသည်းကြော်ပေး"

ထိုကာလသည် အင်္ဂလိပ်အစိုးရ မြန်မာပြည်ကို ပြန်လည်အုပ်ချုပ်စ ကာလ်စ်ဘီခေတ်ဖြစ်၍ အထက်မြန်မာပြည် မီးရထားလမ်းတွင် ကောင်းမွန်သောအုပ်ချုပ်မှု မရှိသေးရကား လက်မှတ်စစ်များသည် မိမိတို့၏ လစာကိုပင် မေ့လောက်အောင် အောက်ဆိုက်ကောင်းနေကြ၍ သူတို့စားသောက်ကြသည်မှာ ထိုအရပ်၌ အကောင်းဆုံးသော အာဟာရများဖြစ်ကြ၏။

ထိုထမင်းစားပွဲတွင် ကိုလှငွေနှင့် ကိုအောင်ကြီးသည် ကိုသိန်းအေးအား အထက်မြန်မာပြည်၏ အကြောင်းကို ပြောပြနေ၏။ အကြောင်းမူကား သူတို့နှစ်ယောက်သည် လက်မှတ်စစ်အလုပ်ဖြင့် မန္တလေးမှ ကသာသို့ ရောက်နေသည်မှာ ခြောက်လကျော်ခဲ့လေပြီ။ ကိုသိန်းအေးကား သူတို့ကဲ့သို့ အစိုးရလခစားမဟုတ်။ ရန်ကုန်မှ ရောက်လာခဲ့သော ကုန်သည်တစ်ယောက်ဖြစ်၍ ကသာမြို့သို့ နောက်သီတင်းတစ်ပတ်ခန့်ကပင် သုံးတင်းဝင် ဆန်အိတ် ၃၀၀ ခန့်နှင့် ရောက်လာခဲ့လေသည်။ ကသာတွင် ကိုလှငွေ၊ ကိုအောင်ကြီး

mgyoe.com

mgyoe.com  SAMPLE BOOK 

တို့နှင့် မိတ်ဆွေဖြစ်ကြ၍ မြစ်ကြီးနား ဆန်ဈေးကို စုံစမ်းရန် ယခုတစ်ပတ် သူတို့နှင့်အတူ လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

ကိုလှငွေနှင့် ကိုအောင်ကြီးသည် တွဲဖက်လက်မှတ်စစ်ဖြစ်၍ သီတင်းတစ်ပတ်လျှင် ရထားတစ်ခေါက်ကျ လိုက်ရသည်။ သူတို့ရက်အလှည့်မှာ ဗုဒ္ဓဟူးနေ့နံနက် ကသာကလိုက်၊ ထိုည မိုးညှင်းတွင်အိပ်၊ နောက်တစ်နေ့ မြစ်ကြီးနားရောက်၊ သောကြာနေ့နံနက်၌ မြစ်ကြီးနားမှ ပြန်ထွက်ခဲ့ပြီး မိုးညှင်းတွင် အိပ်၊ စနေနေ့ည ညနေ၌ ကသာသို့ ပြန်ရောက်သည်။ ထိုမှ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ ၃ ရက်နားရသည်။

သူတို့ ရထားတစ်ခေါက်လျှင် အပျောက်ရိုက်သော အောက်ဆိုက်မှာ သုံးသုံးစားစားနှင့် တစ်ယောက်လျှင် တစ်ရာ၊ ကိုးဆယ်မျှ ရကြသည်။ အကြောင်းမူကား ထိုအချိန်တွင် မီးရထားကို သူတို့သဘောရှိ လုပ်နိုင်ကြ၍ ရောက်လေရာဘူတာရုံပိုင်အား ၅ ကျပ်မျိုး ၁၀ ကျပ်မျိုးပေးပြီး ခရီးသည်များကို လက်မှတ်မဝယ်ရန် ဆော်ဩတတ်ကြသေးသည်။ ထိုအရပ် ခရီးသည်များကလည်း ထိုအချိန်က ဂါတ်ဗိုလ်အား 'ရထားပိုင်ကြီး'၊ (သူ့အလံနီ၊ အလံစိမ်းပြမှ ထွက်ရ၊ ရပ်ရတာကိုး)၊ လက်မှတ်စစ်တို့အား 'စာရေးကြီး' ဟု တရိုတသေ ခေါ်ကြသည်ထိ အ,ကြ၊ န,ကြသေး၏။

"ဒီမှာကိုယ့်လူ ဒီဘူတာနဲ့ ဒီဘူတာ လက်မှတ်ယူရင် ၃ ကျပ်ကျတယ်။ အဲဒါကြောင့် ၂ ကျပ်ပဲပေးတော့၊ အမှန်က ဒီ ၃ ကျပ်ဟာ ခင်ဗျားဟာမဟုတ်၊ ကျွန်တော့်ဟာမဟုတ်၊ မီးရထားက ပိုက်ဆံပါ။ အခု ကျွန်တော်တို့ကို ၂ ကျပ်ပေးဆိုတာက ဒီငွေ ၃ ကျပ်ကို ခင်ဗျားက ၁ ကျပ်၊ ကျွန်တော်တို့ လက်မှတ်စစ်က ၁ ကျပ်၊ ဂါတ်ဗိုလ်ရယ်၊ ရုံပိုင်ရယ်၊ တီ-တီ-အီး ရယ်က ၁ ကျပ် ဝေယူကြတာပါပဲ"

လက်မှတ်မပါသော ခရီးသည်တို့အား ပြောကြပုံ။

"ခင်ဗျားမှာ လက်မှတ်ပါသလား"

"ပါလို့ပြပြီးဘိုပ၊ စာရေးကြီးရယ်"

"အို... ကျုပ်က အခါတစ်ရာပြခိုင်းရင် ခင်ဗျားပြရမှာပဲ၊ ဘာစကားရှည်နေတာလဲ၊ အခုထပ်ပြ၊ ခင်ဗျား ရထားပေါ်က ဆင်းသွားချင်သလား"

လက်မှတ်ပါသူအား လက်မှတ်စစ်က ဟောက်သံ။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုအရပ်ကား၊ ထိုအချိန်က အများဖြင့် ဤမျှ အောက်ကျနောက်ကျ ရှိလှပေသည်။

"မိုးညှင်းမြို့ ဆောင်းရာသီ၏ နံနက်ခင်းကို တွေ့ကြုံဖူးသူတို့သည် 'မဲ့ဇာတောင်ခြေ' ရတုကို ရရှိပါက

'သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း မိုးလေဝှက်ပြင်းထန်'

ဟူသော အပိုဒ်ကလေးကို ရွတ်ဆိုမိကြပေမည်။ လွှက်ဝဲသုန္ဒရ ရေးသကဲ့သို့ အမှန်စင်စစ်ပင် ဆီးနှင်းပေါက်များ တဖြောက်ဖြောက် ကျနေလျက်၊ နှင်းငွေ့များ ရိုက်ခတ်နေသဖြင့် မိမိရှေ့၌ ပေ ၄ ပေထက် ပို၍ မမြင်ရပေ။ လက်နှိပ်ဓာတ်မီးလည်း နှင်းထုကို မထိုးဖောက်နိုင်ချေ။ ချမ်းလိုက်သည်မှာကား ပြောဖွယ်မရှိ။ ရေနွေးနှင့်မှ မျက်နှာသစ်နိုင်သည်။

မိုးညှင်းဘူတာသည် မနေ့က ညရထားအဝင်တွင် ဆူညံလှုပ်ရှားသလောက် ယခုနံနက် ရထားထွက်ခါနီး၌ တိတ်ဆိတ်ငြိမ်သက်လှလေသည်။ မီးဖိုကို ပတ်ပတ်ရံ၍လည်းကောင်း၊ အနွေးထည်များနှင့် လက်ဖက်ရည်ဆိုင်ထဲ၌ ပု၍လည်းကောင်း၊ မီးရထားတွဲတွင် အချင်းချင်းပူးကပ်၍လည်းကောင်း တတ်နိုင်သမျှ မလှုပ်မရှားဘဲ နေကြကုန်၏။ မလုပ်မဖြစ်သော မီးရထားအရာရှိများသာ အနွေးထည် အထပ်ထပ်တို့အပေါ်မှ နှင်းခံသားရေဂျာကင်၊ ရှလွှာင်းကုတ်အင်္ကျီ စသည်တို့ကိုဝတ်၍ ဟိုမှသည်မှ သွားလာကြရကုန်၏။

မည်သို့ပင်ဖြစ်လင့်ကစား ကသာမြို့သို့ အချိန်မှန်ရောက်ဖို့အတွက် လမ်းတွင် နှင်းခွဲကီရိယာအားကိုးနှင့် အချိန်စေ့လျှင် ထွက်ရန် ဥသြဆွဲလိုက်ရလေသည်။

ပထမဦးဆုံး သတိပေးဥသြဆွဲလိုက်စဉ်ကပင် ကိုလှငွေတို့လူစုသည် မထွေးနုတို့တွဲရှိရာသို့ ရောက်လာကြ၍ ကိုသိန်းအေးကို မိတ်ဆက်ပေးပြီး ထားခဲ့ကြသဖြင့် ဖြန့်ခင်းထားသော ကိုသိန်းအေး၏ အိပ်ရာပေါ်မှာ မထွေးနုနှင့် ကိုသိန်းအေးသည် နီးကပ်စွာထိုင်လျက် စကားလက်ဆုံကျနေကြပေပြီ။

မထွေးနုသည် ရိုးသားသော အထက်အညာသူကလေးပီပီ သူ့မျက်စိ

mgyoe.com

mgyoe.com  SAMPLE BOOK 

ထဲ၌ စိတ်ဝင်စားစရာကောင်းနေသော အောက်သား ကိုသိန်းအေးအား ဖော်ရွေစွာဆက်ဆံ၍ စကားရည်လည်သော ကိုသိန်းအေးက ရင်းနှီးစွာပြောကြခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် ယခု သွားလာနေကြသော အလုပ်ကိစ္စနှင့် ရည်ရွယ်ချက်ကို သိကြလေပြီ။

"အခု ကိုသိန်းအေးမှာ အောက်ကဆန်တွေ ဘယ်လောက်ပါခဲ့သလဲ"

"အိတ် ၃၀၀ ပါခဲ့တာ၊ ကသာမှာရောင်းလို့ အိတ် ၅၀ လောက်ပဲကုန်သေးတယ်"

"ဟင်... ဆန်တွေက အများကြီးကို အခု မြစ်ကြီးနားမှာ ဆန်ဈေးစုံစမ်းကြည့်တော့ ဟန်ကျရဲ့လား"

"ဟန်ကျတယ်တော့ မဟုတ်ဘူး၊ မြန်မြန် ကုန်လွယ်အောင် လာပြီးခွဲတော့ ရောင်းချင်တာပဲ၊ ဒါပေမဲ့ မြစ်ကြီးနားမှာက ပွဲရုံလည်းမရှိ၊ လုံးခနဲယူမယ့်လူလည်း မရှိတော့ ဆန်အိတ်တွေ ယူလာရမှာကလည်း အခက်ပဲ"

"ဟုတ်တယ်၊ မြစ်ကြီးနားက ကသာလောက်တောင် ကြီးတာမဟုတ်ဘူး၊ အဲဒီမှာ အေးအေးဆေးဆေး ဆန်တွေထားပြီး ရောင်းဖို့ အသိမိတ်ဆွေအိမ်ရှိရင် ကောင်းမှာပဲနော်"

"ဟုတ်တယ်၊ အခုတော့ အထက်မြန်မာပြည်ကိုတောင် အခုမှရောက်ဖူးတာ၊ မြစ်ကြီးနားမှာ အသိမိတ်ဆွေဆိုလို့လည်း တစ်ယောက်မှမရှိဘူး"

မထွေးနုသည် ခေတ္တမျှ စကားဖြတ်၍ စဉ်းစားပြီးနောက်...

ဩော်... ကျွန်မတို့ အစ်မတစ်ယောက်တော့ မြစ်ကြီးနားဈေးထဲမှာရှိတယ်"

"သူတို့က ဘာရောင်းတာလဲ"

"ကျောက်စိမ်းတို့၊ ရွှေထည်တို့ရောင်းတာပဲ၊ ဒါပေမဲ့ သူတို့နဲ့ဆက်လိုက်ရင် နေရာထိုင်ခင်းရဖို့ လွယ်မှာပေါ့"

"ဒီလိုဆိုရင် မထွေးနုက ကျေးဇူးပြုပြီး ဆက်ပေးပါလား"

"မထွေးနုကော အခုလူနာကြည့်က ပြန်သွားရင် မိုးကောင်းမှာ ဘာအလုပ်ရှိသလဲ၊ အားနေရင်ဖြင့် မြစ်ကြီးနားလိုက်ပြီး မထွေးနုတို့ အစ်မအိမ်မှာတည်းပြီး ဆန်ကူရောင်းပေးမယ်ဆိုရင် သိပ်ကောင်းမှာပဲ"

mgyoe.com

m gyoe .com SAMPLE BOOK


ယင်းသည့်အကြိုက်တွင် နံ့စီးအောင်ဘူတာရောက်၍ ရထားရပ်လိုက်သဖြင့် မထွေးနုစကား ဖြတ်ကာ အပြင်ဘက်သို့ အာရုံပြောင်းလိုက်ပြီး...

"ကိုသိန်းအေး နှင်းတွေကျပြီ၊ နေရောင်ပေါ်စပြုပြီနော်"

"ဟုတ်တယ် မထွေးနု၊ ၉ နာရီတောင်ထိုးမှပဲ"

ကိုသိန်းအေးသည် လက်ကနာရီကိုကြည့်၍ ပြောလိုက်ပြီးနောက် 'ခေါ်စီ... ခေါ်စီ' ဟုအော်၍ ရောင်းနေသော ရှမ်းမလေးကို လှမ်းခေါ်လိုက်၏။ တစ်မတ်ဖိုးဝယ်ပြီး ကိုသိန်းအေးသည် တစ်တုံးကို လက်နှင့်ကိုင်ကြည့်ကာ...

"ဩော်... ခေါ်စီ ခေါ်စီဆိုလို့ ဘာများလည်း အောက်မေ့ပါတယ်၊ ကျွန်တော်တို့ဆီမှာ ဒါကို ခေါ်ပြင်လို့ခေါ်တယ်၊ ရော့... မထွေးနု စားလေ၊ ဟို အဒေါ်လည်း ပေးပါဦး"

ယင်းအခိုက်...

"ဘယ့်နှယ်လဲ ကိုသိန်းအေး၊ နွေးရဲ့လားဗျ"

ကိုလှငွေနှင့် ကိုအောင်ကြီးတို့သည် တစ်တွဲဆင်း တစ်တွဲတက်နှင့် လက်မှတ်စစ်နေရာမှ နှင်းထူ၍လည်းကောင်း၊ ဘူတာရောက်၍လည်းကောင်း ရထားရပ်တိုင်းရပ်တိုင်း ကိုသိန်းအေးတို့ဆီ ရောက်လာကြကာ မထွေးနုနှင့် ပူးပူးကပ်ကပ် ထိုင်နေသည်ကိုကြည့်ပြီး စပ်ဖြဲဖြဲနှင့် အထက်ပါအတိုင်း မေးတတ်၏။ ကိုသိန်းအေးသည် သူတို့အမူအရာကို မသိဟန်ပြုကာ 'နွေးပါရဲ့ဗျာ' ဟု ပြန်ပြောလိုက်၏။

"ခင်ဗျားမှာတော့ နွေးမှာပေါ့ဗျာ၊ ကျုပ်တို့မှာတော့–"

ကိုသိန်းအေးက သူတို့စကား မဆုံးမီ...

"တစ်တွဲဆင်း တစ်တွဲတက်နဲ့ တာဝန်ကို ထမ်းဆောင်နေရတာကိုးဗျ၊ ရော့ဗျာ... ခေါ်စီဆိုလား၊ ခေါ်ပုပ်ဆိုလား စားပါဦး"

"အမယ်... ကိုယ့်လူ၊ ခေါ်စီ ခေါ်ပုပ်တွေတောင် နားလည်လာပြီ၊ စားဗျာ... စားဗျာ၊ ခင်ဗျားတို့ပဲ စားကြပါတော့" ဟုဆိုပြီး ကိုသိန်းအေးအား မျက်စိတစ်ဖက်မှိတ်ပြ၍ အခြားတွဲသို့ သွားကြလေ၏။

ဤသို့လျှင် ကိုသိန်းအေးနှင့် မထွေးနုတို့သည် တဖြည်းဖြည်း နေရောင်ရင့်လာသည်နှင့်အတူ တစ်စတစ်စ ရင်းနှီး၍ လာခဲ့ကြလေသည်။

mgyoe.com

mgyoe.com

ခဲ့သည့်ကြောင်း နာရီခွဲခန့်အချိန်တွင် မော်လူးဘူတာသို့ ရောက်သောအခါ ကိုလှိုင်ငွေနှင့် ကိုအောင်ကြီးသည် ထမင်းထုပ်များနှင့် ကြက်သားကြော်တွေ ဝယ်လာကြလျက် ကိုသိန်းအေးနှင့် မထွေးနုအားပေး၍ "ဒါ ထမင်းစားဖို့ ဘူတာတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ နေမြင့်လှပြီ။ ဆာရင်စားကြပေတော့၊ ရှေ့နားဘူတာကြ ခြံနဲ့လယ် ခရီးလောက်ပေမဲ့ အစားအသောက်က ဒီလောက်မကောင်းဘူး၊ ကြက်သားကြော်မှာတော့ ဟောဒီ 'မော်လူးဘူတာ' က အကောင်းဆုံးဗျ" ဟု ပြောပြရှာလေ

ပြောလေ

ဟုတ်ပေသည်။ ကြက်သားကြော်ကြီးများမှာ တစ်ကောင်လုံးမှ ရေလှန်
စိတ်မျှ စိတ်ထားသည်ဖြစ်၍ အဆီတွေ ဝင်းဝင်းစိုကာ မြကတိုရနံ့ သင်းသင်း
ပျံ့လျက်။

ကိုသိန်းအေးက...

"နို့ ခင်ဗျားတို့ကောဗျ"

"ကျုပ်တို့အတွက်တော့ မပူနဲ့ဗျ၊ ကုန်တွေ တန်ဆာမဲ့လုပ်ဘဲ တင်
လာတဲ့ ကုန်သည်တစ်ယောက်နဲ့ မိတ်ဆွေဖြစ်သွားလို့ သူက ကြက်ကြော်နဲ့
အရက် ဒကာခံသဗျ"

သူတို့နှစ်ယောက်ကား နေရောင်နှင့်အတူ မျက်နှာများနီရဲ၍ နေလေ
ပြီ။ ၎င်းတို့ ထွက်ခွာသွားကြသောအခါ၌ ကိုသိန်းအေးတို့မှာလည်း ထမင်း
ဆာပြီဖြစ်၍ ထမင်းထုပ်များကို ဖြေကြသည်။

ထိုအချိန်ကား မီးရထားမှာ အလွန်ကျပ်လှ၍ မီးကောင်းမှ မထွေးရီတို့
စီးခဲ့သောတွဲမှာ လူစီးတွဲပင်ဖြစ်လင့်ကစား နေရာထိုင်ခုံများ ကျိုးပဲ့နေသဖြင့်
အားလုံးပင် ကြမ်းပေါ်မှာ ပြား၍ ထိုင်ကြရသည်။

ထိုတွဲရှည်ကြီး၏ နံရံ၌ ၇၄ ယောက်ဟု ရေးထားသော်လည်း ယခုမူ
လူ ၁၅၀ ကျော်နှင့် ကုန်ပစ္စည်းများ ပြွတ်သိပ်နေသဖြင့် အပြင့်ထွက်ချင်သော်
ပြတင်းပေါက်မှ ကျော်တက်ခုန်ဆင်းခြင်းပြုရ၏။

မထွေးနုတို့ ထမင်းစားကြသောအခါ၌ လူချင်းမှာ တစ်ယောက်နှင့်
တစ်ယောက် ထိနေကြ၍ ထမင်းထုပ်ချစရာနေရာ မရှိသဖြင့် မထွေးနု၏
နှီးခမောက်ထဲသို့ ဖက်ခံ၍ စုထည့်ကာ တင်ပျဉ်ခွေထိုင်နေသော မထွေးနု၏
ပေါင်ပေါ်တင်ပြီး အတူတူ နှိုက်စားကြရသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ခရီးတစ်ဝက်နှင့်ပင် ဤမျှ ရင်းနှီးခဲ့၍ ရှေ့ခရီးဆက်၌ကား တစ်ဘူတာရောက်လျှင် မုန့်တစ်မျိုး ဝယ်စားခြင်း၊ ကိုသိန်းအေးက ရေဆင်းခတ်ခြင်း၊ အညောင်းပြေ အောက်သို့ဆင်းကြသောအခါ၌ ပြတင်းပေါက်မှ တစ်ယောက်တစ်ယောက် ဆွဲတင်ပေးခြင်းတို့ဖြင့် နံဘေးခရီးသည်များသည် သူတို့နှစ်ယောက်အား ဟုတ်သည်ထက်ပို၍ ထင်ကြသော အခြေသို့ ရောက်ရှိခဲ့ကြလေ၏။

* * *

ဒီဇင်ဘာလ ဒုတိယသီတင်းပတ်၊ ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ထိုနေ့နံနက် မိုးညှင်းမြို့မှ ထွက်ခဲ့သော ရထားကြီးသည် မိုးကောင်းမြို့ဘူတာရှေ့သို့ ဝင်ခဲ့လေ၏။

အသက် ၁၈ နှစ်ရွယ် လုံမပျိုတစ်ယောက်သည် ရထားတွဲထဲမှ ရင်ဘတ်ပေါ်အောင် ခေါင်းပြူ၍လာသော အသက်အစိတ်ခန့်ရှိ လုလင်ပျိုတစ်ယောက်ဆီသို့ ပြေးသွားကာ...

"ဟော... ကိုသိန်းအေး၊ ကိုသိန်းအေး"

"ဟေး... မထွေးနု၊ မထွေးနု"

ရထားအရှိန်သတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်လျက်သား ဖြစ်နေလေ၏။

"လာမှစောင့်ပါ့မလားလို့" ဟု ကိုသိန်းအေးက ပြောလိုက်သဖြင့် မထွေးနုမျက်နှာ ရှက်သွေးကလေးဖြာသွားကာ ထိုစကားကို ပြန်မဖြေဘဲ...

"နို့... ကိုသိန်းအေး၊ ဆန်တွေပါခဲ့ရဲ့လား"

"ပါခဲ့တာပ မထွေးနုရဲ့၊ မထွေးနုကော မြစ်ကြီးနားလိုက်ဖို့ အသင့်ဖြစ်ပြီလား"

ကိုသိန်းအေးက သူတို့အရပ်သံဝဲဝဲကလေးနှင့် တမင်လုပ်၍ပြောလိုက်သဖြင့် မထွေးနုသည် မျက်နှာကလေးအက်သွားအောင် ပြုံးလိုက်ကာ...

"အသင့်ဖြစ်ပြီပ၊ ကျွန်မတစ်ယောက်တည်းတော်င် မဟုတ်ဘူး၊ အဒေါ်တစ်ယောက်တောင် အဖော်ပါသေးတယ်"

"ဟင်... ဒီလိုဆို" ဟုပြော၍ ကိုသိန်းအေးသည် မျက်နှာကို မနှစ်မြို့

mgyoe.com

mgyoe.com SAMPLE BOOK

သလို ရှုံ့လိုက်ပြီးမှ “ကောင်းတာပ” ဟု ရယ်၍ အဆုံးသတ်လိုက်သဖြင့် မထွေးနုလည်း မျက်စောင်းလေးတစ်ချက်ထိုးပြီးမှ သဘောကျစွာ နှစ်ယောက်သား ရယ်မောလိုက်ကြလေ၏။

“အဲ... အဲ၊ ဟောဒီမှာ တစ်ယောက်တစ်ယောက် သိပ်သဘောကျနေကြပြီဗျို့” ဟု နောက်မှ မတိုးမကျယ် အော်သံကိုကြားရသဖြင့် လှည့်ကြည့်လိုက်ကြရာ အရက်ရှိန် ဝေနေကြသော ကိုလှငွေနှင့် ကိုအောင်ကြီးကို တွေ့ရသဖြင့် မထွေးနုတွင် ရှက်သွေးကလေး ဖျန်းသွား၍ ကိုသိန်းအေးက အားနာသလို ဖြစ်သွားရသောကြောင့် ကိုလှငွေက စကားဆက်ကာ...

“သြော်... မထွေးနု မြစ်ကြီးနားလိုက်မဲလို့မဟုတ်လား၊ ကျွန်တော်တို့ ဟောဒီစာတိုက်တွဲမှာပဲ စီးတာပေါ့ဗျာ၊ ကိုသိန်းအေးနဲ့ သူ့ပစ္စည်းတွေလိုက်ကိုယူပြီး ကြည့်တင်ပေးလိုက်ပါဗျာ၊ ကျုပ်တို့တော့ စာရှင်းသွားအပ်လိုက်ဦးမယ်ဗျို့၊ နို့ပြီးခင်ဗျား ဟိုအပြင်ဘက်က ကုလားဆိုင်ကို ထမင်းစားလိုက်ခဲ့ပေါ့ဗျာ” ဟုဆိုပြီး နှစ်ယောက်သား ထွက်သွားကြလေ၏။

သူတို့အရပ်၌ ဆောင်းရာသီတွင် အိပ်ရာလိပ်မပါဘဲ ခရီးမသွားနိုင်ချေ။ မထွေးနုနှင့် သူ့အဒေါ်ဆိုသူ၏ အိပ်ရာလိပ်များနှင့် အခြားအထုပ်အထွေ ပစ္စည်းတို့ကို သယ်ယူရင်း မီးရထားစာတိုက်တွဲ၌ နေသားတကျ တင်ပြီးကြသောအခါ မထွေးနုသည် ယူလာခဲ့သော ခြင်းဆင့်ချိုင့်ကို ဆွဲဖွင့်၍...

“ကိုသိန်းအေး၊ သူတို့နဲ့ လိုက်ထမင်းမစားနဲ့လေ၊ ဒီမှာစားပါပေါ့”

“ဟင်... မထွေးနု၊ ထမင်းတွေယူလာတာကိုး၊ ဘာဟင်းပါလဲ”

“ကြက်သားကြော်ရယ်၊ ငါးကြော်ရယ်၊ ငါးခေါင်းချဉ်ရည်ရယ်။ မော်လူးဘူတာတုန်းက ကိုသိန်းအေးက ကြက်သားကြော် ကြိုက်တယ်ဆိုလို့ ဟောဒီမှာ ရှင်အိုပ်ကြော်ကြီးတွေ”

* * *

...လမ်းတစ်လျှောက်တွင် ကုန်းဆင်းကုန်းတက်တွေရှိသဖြင့် ရထားကြီးသည် နှေးတစ်ခါ မြန်တစ်လှည့် ခုတ်မောင်းခဲ့ရာ ညနေ ၅ နာရီခန့်၌ မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်လေ၏။

ဘူတာ၌ မထွေးနုနှင့် သူ့အဒေါ်ကို ဦးဆောင်ပြ၍ နွားလှည်းများ

mgyoe.com

SAMPLE BOOK

ငှားကာ ကိုသိန်းအေး၏ ဆန်အိတ်များကိုတင်ပြီး မြစ်ကြီးနားဈေးဆီသို့ သွားကြလေ၏။

ကိုလှငွေနှင့် ကိုအောင်ကြီးသည် ဘူတာဝအထိလိုက်ကာ လှည်းတစ်စီးပေါ်၌ နှစ်ယောက်ပူး ထိုင်လိုက်သွားသော ကိုသိန်းအေးနှင့် မထွေးနုတို့အား...

“ကဲ... သွားကြတော့ဗျို့” ဟု နှုတ်ဆက်လိုက်လေ၏။

“ယော်... ဒီလောက် ဆန်အိတ်တွေ ကျုပ်တို့အိုပိုခန်းကလေးထဲ ဘယ်ထားနိုင်မှာလဲပဲ”

မြစ်ကြီးနားဈေးထဲသို့ ရောက်၍ မထွေးနုအစ်မ၏အိမ်ဆိုင်ရှေ့၌ လှည်းများရပ်လိုက်သောအခါ မထွေးနုအစ်မက ဆန်လှည်းများကို ကြည့်ပြီး ဝမ်းသာသွား၏။ အံ့သြသော အမူအရာဖြင့် မျက်ခုံးတွန့်၍ ပြောလိုက်ခြင်းဖြစ်၏။

ယင်း၌ မထွေးနုသည် ရှက်အမ်းအမ်းမျက်နှာဖြင့်...

“ရှင်ယော်... ဒီလိုဆိုအခုကိုယ့်ကျွန်မတို့က အစ်မတို့အိမ်အားကိုးပြီး လာခဲ့တာ”

“ရွှေး... ညည်းတို့ဆန်အိတ်တွေကလည်း ဘယ်လောက်တောင်လဲဟဲ့”

ကိုသိန်းအေးက “ငါးဆယ့်ထိုးပါ”

“အယား... ငါးဆယ်ဆိုတော့ အများကြီးပဲ”

မထွေးနုတို့ စိတ်အိုက်သွားသောမျက်နှာနှင့်...

“ယော်... အစ်မတို့အိမ်မှာ မထားနိုင်ရင် ဘယ်သွားထားရမလဲ”

“အို... အခုမှဖြင့် ဟို ကိုမှာမက်ကြီးဆောက်ထားတဲ့ ဆိုင်ခန်းလေးတစ်ခု ငှားမှပဲ”

“အို... ဒီလိုဆိုကောင်းသွားပဲ၊ ငှားလို့ရမယ်လား” ဟု ကိုသိန်းအေးက မေးလိုက်ရာ မထွေးနုအစ်မက “ရတာပေါ့၊ သူငှားဖို့ဆောက်ထားတာပဲ၊ တစ်နေ့ နှစ်ကျပ်တဲ့”

“အဲ... ဒါဖြင့် ဟာနက်ကျတာပဲ မထွေးနုရေ... သွားလှည်းတွေ အဲဒီအခန်းရှိရာ မောင်းခိုင်းပေတော့”

mgyoe.com

mgyoe.com SAMPLE BOOK


မကြာမီအတွင်း၌ မထွေးနုအစ်မအိမ်နှင့် မလှမ်းမကမ်းရှိ ဆိုင်တန်းလျားရှည်၏ အခန်းတစ်ခုထဲတွင် ကိုသိန်းအေး၏ ဆန်အိတ်များ နေထားတကျ ရှိနေလျက် ကိုသိန်းအေးနှင့် မထွေးနုသည် ဆန်အိတ်များပေါ်၌ အပန်းဖြေနေကြလေ၏။ မထွေးနုနှင့် မိုးကောင်းမှ အတူပါလာခဲ့သော အဒေါ်မှာ မထွေးနုအစ်မ၏အိမ်တွင် စကားဖောက်သည်ချနေလေ၏။

ကိုသိန်းအေးသည် မထွေးနုမျက်နှာကို စေ့စေ့ကြည့်ကာ...

"ဒီလို ကိုယ့်အခန်းနဲ့ကိုယ် သီးသီးသန့်သန့်နေရတော့ ပိုပြီးဟန်ကျတာပေါ့ မထွေးနုရာ၊ နက်ဖြန်မနက်က စပြီး ဆန်ဆိုင်ဖွင့်တာပေါ့"

မထွေးနုက ဘာမျှပြန်မပြောချေ။

မထွေးနုအစ်မ၏ အိမ်ဆိုင်ခန်းကလေးမှာ ပန်းထိမ်အလုပ်သမားတွေနှင့် လူတွေများလှသဖြင့် ထိုနေ့ညကား ပင်စ၍ မထွေးနု၊ သူ့အဒေါ်နှင့် ကိုသိန်းအေးတို့ သုံးယောက်သည် သူတို့ဆန်ထားရာအခန်း၌ အိပ်ကြရလေ၏။

နံနက်လင်းသောအခါ၌ မထွေးနုသည် ကိုသိန်းအေးအဖို့ သူ့အစ်မအိမ်မှ သွားယူထားသော မျက်နှာသစ်ရေနှင့် ဆပ်ပြာတို့ အဆင်သင့်ဖြစ်နေ၏။

ထိုနေ့နံနက်တွင် ကိုလှငွေနှင့် ကိုအောင်ကြီးတို့သည် ရထားမထွက်မီ မြစ်ကြီးနားဈေးထဲသို့ လိုက်လာကြကာ အခြေအနေကို ကြည့်ပြီး "မရှယ်ဘဲနှင့် စော်ကဲ မင်းဖြစ်ပါကလား" ဟု ပြောဆိုနှုတ်ဆက်ကြလေ၏။

ထိုအချိန်မှစ၍ မထွေးနုသည် ထိုအခန်းကလေး၌ ဈေးပေါပေါနှင့် ရောင်းနေသော ဆန်သည်မကလေး။

ဤနေ့ နံနက်စာကိုသာ မထွေးနုအစ်မထံတွင် စားကြပြီး ကိုသိန်းအေးက "လူတွေအများကြီး၊ အားနာစရာ ကိုယ့်ဟာကိုယ် ကြိုက်တဲ့ဟင်း ချက်စားကြပါစို့" ဟုဆိုသဖြင့် မထွေးနုမှာ ဆန်ရောင်းရုံမက အိမ်တစ်ဆောင် မီးတစ်ပြောင် ထမင်းဟင်းချက်ရရှာလေ၏။

ဆန်ရောင်းရသော ပိုက်ဆံတွေနှင့် ကိုသိန်းအေးက သဘောရှိသုံးရန် ပေးထားသဖြင့် မထွေးနုမှာ မြစ်ကြီးနားဈေး၊ ဝက်ကုန်းဈေးတို့တွင် ကြိုက်တာတွေကို ဝယ်ယူချက်ပြုတ်သဖြင့် အပျိုလေးတစ်ယောက်၏ စိတ်ကူးယဉ်

mgyoe.com

mgyoe.com SAMPLE BOOK


မှာ ပျော်စရာ။

အောက်အရပ်တွင် စားဖူးရန် ခဲယဉ်းသော တရုတ်ပြည်၊ အထက်ရှမ်းပြည်တို့မှလာသော စားသောက်စရာတွေကို ကိုသိန်းအေးအား အဆန်းလုပ်၍ ဝယ်ခြမ်းချက်ပြုတ် ကျွေးရသည်မှာ ကြည်နူးစရာ။

သူလုပ်သမျှ၊ ချက်ကျွေးသမျှကို ကိုသိန်းအေးက နှစ်သက်စွာ စား၍ ချီးမွမ်းခံရသည်မှာလည်း ဝမ်းသာစရာ။

ထိုအချိန်၌ မြစ်ကြီးနားမြို့တွင် ရှမ်းဆန်သစ်များ ပေါ်စပြုနေ၍လည်းကောင်း၊ အစိုးရဆပ္ပလိုင်းဆန်များ ရောက်နေ၍လည်းကောင်း၊ ကိုသိန်းအေး၏ဆန်များက ထိုဆန်တွေနှင့် ဈေးတူ မရောင်းနိုင်သောကြောင့်လည်းကောင်း လွယ်ကူစွာ လုံးခနဲခဲခနဲ မကုန်ဘဲ ရှိနေလေ၏။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်မျှ ကြာလာသောအခါ ကိုသိန်းအေးနှင့် မထွေးနုသည် မြစ်ဆိပ်သို့ ရေချိုးအတူ သွားတတ်ကြသည်။ မထွေးနုက ကိုသိန်းအေး၏ အဝတ်များကို လျှော်ပေးသည်။ ကိုသိန်းအေးအပြင်ထွက်မည်ပြုသည်၌ မထွေးနုက အဝတ်အစားထုတ်ပေးခြင်း၊ ပြန်လာသောအခါ ခေါက်သိမ်းခြင်းတို့ ပြုလေသည်။ သည်တော့ မထွေးနုသည် ကိုသိန်းအေး၏ ဝတ်မှုစားသောက်ရေးကို ထိန်းသိမ်းစီမံပေးသော **အမိမွှာယ်** သက်ရောက်နေလေ၏။

ကိုသိန်းအေးကလည်း မထွေးနုလိုချင်သော အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများကို ဝယ်စေလေသည်။ တစ်ခါတစ်ရံ နှစ်ယောက်သား **ပြင်ဆင်**ဝတ်စားကြကာ မထွေးနု၏ သူငယ်ချင်းမိတ်ဆွေများအိမ်သို့ သွားရောက်လည်ပတ်ခြင်း ပြုကြလေ၏။

ကိုလှငွေနှင့် ကိုအောင်ကြီးတို့နှစ်ယောက် ကြာသပတေးနေ့ မီးရထားရောက်လာသောအခါ၌ ကိုထွန်းအေး၏ဆန်များ မကုန်သေး။ တစ်ဝက်မျှကျန်သေးသည်။ ကိုလှငွေက ကသာ၌ ကိုသိန်းအေးဆန်တွေ အပ်ခဲ့သူထံမှ ရောင်းရသော ဆန်ဖိုးများကို ပေးသောအခါ မထွေးနု ရေတွက်ယူငင်ပြီး ပိုက်ဆံသေတ္တာထဲသို့ ထည့်လိုက်၏။ ကိုလှငွေတို့သည် သဘောကျစွာ ဝမ်းတွင်းပြုံး ပြုံးကြလျက် ထိုညနေတွင် မထွေးနုအား သူငယ်ချင်းတစ်ယောက်၏ အိမ်ရှင်မသဖွယ် အားမနာပါးမနာ သူတို့စားသောက်ချင်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

များကို ဝယ်ခြမ်းချက်ပြုတ်စေပြီး ပျော်ရွှင်စွာ စားသောက်ကြလေ၏။

ကိုသိန်းအေးမှာ ကြည်နူး၍ မထွေးနုလည်း ပီတိဖြစ်နေလေသည်။ စင်စစ်ကား သူတို့နှစ်ယောက်သည် တစ်ဦးကိုတစ်ဦး ချစ်ကြိုက်နေကြပြီ ဖြစ်သော်လည်း နှုတ်မှထုတ်ဖော်ပြောဆိုခြင်း မပြုကြသေးဘဲနှင့် လင်မယား လုပ်တမ်း ကစားသကဲ့သို့ဖြစ်နေသည်။ အပျက်အပျက်နှင့် နှာခေါင်းသွေး ထွက်ကြမည့်ကိစ္စ၊ သူတို့နှစ်ယောက်လုံးသည် ရှေ့ရေးကို မတွေးဘဲနေကြ မည်မှုတ်။ တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟခြင်းတော့မပြုကြ။ သို့ရာတွင် နှုတ်ခွန်းပတ်ဝန်းကျင်ကလူစုသည့် ဥပဓာပြု၍မနေကြ။ ထုံးစံအတိုင်း မြန်းစိုစမ်းကြကုန်သည်။

"ဒီကလေးမကို အရင်သိတုန်းက အပျိုပါ။ သူ့အစ်မဆီ ကလည်း ဘာသံမှမကြားရ"

"ဒီသူငယ်ကြ အောက်အရပ်ကလာတဲ့ ဆိုနိုက်ကိုနှံသည့် သူတို့ချစ် အသိမိတ်ဆွေလော့ကိပဲ ဆိုပဲ"

"အို... ဒီလိုနေကြတာ၊ အသိမိတ်ဆွေလောက်မဟုတ်ဘူး၊ အတူ အသိမိတ်ဆွေပေါ့"

"မသိဘူးလေ၊ အဲဒီလိုဆိုလည်း ဒီတို့လိုမကိုသူ့ကို သိကောင်းတာပေါ့၊ သူငယ်က ရုပ်လည်းချော၊ သဘောလည်းကောင်းပုံပေါ်တယ်။ ရည်ရည်မွန် မွန်ရှိတယ်"

နံဘေးစကား တီးတိုးတီးတိုးတို့သည် မထွေးနုအစ်မ နားသို့ ရောက်၊ ထိုနောက် မိုးတောင်းမှ မထွေးနု၏ မိခင်ကြီး လိုက်လာ၍ ကိုသိန်းအေးနှင့် တွေ့ဆုံစကားပြောကာ သမက်လောင်းအဖြစ်နှင့် လိုက်ခဲ့လေသည်။

ကိုသိန်းအေးလည်း နောက်ဖြစ်လာမည့်အခြေအနေကို ကြိုတင် မျှော်တွေးလောက်အောင် အနုနည်းမဟုတ်။ မထွေးနု၏ မိခင်ကြီးနှင့် တွေ့သည့် နေ့မှစ၍ တွေး၍ငေး၍ စိတ်များလေးလံလာလေသည်။ မထွေးနုမှာ ကိုသိန်း အေး၏ (သူ့မအိုး) အခိပ္ပာယ်မရှိသော အမူအရာကိုကြည့်၍ အားမလိုအားမရ ဖြစ်မိသည်။

"အောက်သားဖြစ်ပြီး ဒီချစ်ကိုစွမှာ သိပ်ရိုးတဲ့ အဲ့တဲ့လူကြီးပဲ" ဟု ကျွယ်ရာ၌ နှုတ်ခမ်းစူမိသည်။ 'မိန်းမကပဲ စရတော့မယ့်အတိုင်း' ဟု စိတ်ထဲ

mgyoe.com

က ညည်းညူမိသည်။

နောက်ဆုံး၌ကား မထွေးနု၏အမေ၊ အစ်မနှင့် အဒေါ်တို့သည် ကလေးမအား တိုးတိုးကြိတ်ခေါ်ငင်ကာ...

"ကဲ... ညည်းတို့ကိစ္စ တို့ကို အကုန်ပြောစမ်းဟေ့၊ ဒီလိုနေကြလို့ တော့ မဖြစ်ဘူး၊ နံဘေးက မေးငေါ့လှုကြပြီ"

မထွေးနုသည် တစ်နေ့မှာ ဒီစကားမျိုး ကြားရလိမ့်မည်ဟု တွေးထင် ထားခဲ့သည် မှန်သော်လည်း ယခုမူ ဘာမျှပြန်မပြောနိုင်ဘဲ မျက်ရည်သာ တွေတွေကျတော့သည်။ ထိုင်၍မေးသည်။ ဘာမျှမပြော၊ နောက်ထပ်မေးသည်။ ထပ်၍ ငိုတော့သည်။ အမှန်ကား သူငယ်မမှာ ဘာကို ပြောရမည်မသိ၊ ဟုတ်တိုင်း မှန်ရာ "ကျွန်မတို့ချင်း ဘာမှမဖြစ်သေးပါဘူး" ဟုပြောလိုက်လျှင် မည်သူမျှ ယုံကြမည်မဟုတ်။

"ဟုတ်တော့ဟုတ်မှာပါတော့၊ သူတို့မှာ နေဝင်မိုးချုပ် မြစ်ဆိပ်သွား စုံတွဲခိုတွက်နေကြတာပဲ"

"ဟိုနေ့ကလည်း နှစ်ယောက်သား ကျကျနန ထိုင်စားပြီး ဂုတ်ကုန်း ကိုစောင်းစုံတွဲ သွားကြသေးတယ်"

"သူငယ်မကြီး မှရက်ရမှာ ရက်ကြီးအရွယ်ဆံပင်ကောင်းပေါက်နေတာ ပါရှင်"

"အို... သူရှက်တာနဲ့ ဒီလိုကြည့်နေလို့ ဘယ့်ဖြစ်မလဲ ဟိုသူငယ်နဲ့ ပြောဆိုပြီး စီမံမှပေါ့"

ထို့နှင့် ကိုသိန်းအေးသည် မထွေးနုနှင့်အတူ မြစ်ကြီးနားရောက်၍ ၁၂ ရက်မြောက်သောနေ့၌ အပျက်အပျက်နှင့် နာခေါင်းသွေးထွက်၍ မိမိကိစ္စ မိမိ မဖြေရှင်းနိုင်သောအဖြစ်ကို ရင်ဆိုင်ကြုံတွေ့ရလေတော့သည်။

ထိုနေ့နေ့လယ် တစ်နာရီခန့် မိမိဆန်ထားရာ အခန်းငယ်လေးထဲ၌ မထွေးနု လည်းမရှိ တစ်ယောက်တည်း စာဖတ်နေစဉ်တွင် နေရာတကာ ရှုပ်သော ကျောက်ပွဲစားအဒေါ်ကြီး ဒေါ်စိမ်းအုံ ရောက်လာလေသည်။ သူတို့ချင်း ယခင်ကလည်း တွေ့ဆုံဖူးကြသည်ဖြစ်ရာ ကိုသိန်းအေးသည် စာအုပ်ကို မျက်နှာမှ ခွာလိုက်၍

mgyoe.com


"သြော်... ဒေါ်ဒေါ် ထိုင်ပါ" ဟုဆိုပြီး စီးကရက်ဘူးကို ထိုးပေးလိုက်၏။ ဒေါ်စိမ်းအုံသည် စီးကရက်တစ်လိပ်ကို ယူလိုက်ပြီး...

"မောင်သိန်းအေးနဲ့ စကားလေးပြောစရာရှိလို့ကွယ်"

"သြော... ပြောပါခင်ဗျာ" ဟု ဆိုပြီး ကိုယ်ကို ပြင်ထိုင်လိုက်သည်။ ဘာကိုပြောတော့မည်ဟု သိပြီးဖြစ်သော်လည်း ဘယ်လိုပြောလိမ့်မည်ကို စိတ်စောၐ ရင်တဒိတ်ဒိတ် ခုန်နေလေသည်။

ဒေါ်စိမ်းအုံက စီးကရက်ကို မီးညှိဖွာလိုက်ပြီး...

"ဒေါ်ဒေါ်ကတော့ မောင်သိန်းအေးသိတဲ့အတိုင်းပဲ၊ စကားလည်း ရှည်ရှည်ဝေးဝေးနဲ့ သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ဘူးကွဲ့၊ တိုက်ရိုက်ပဲ ပြောတော့မယ်၊ ကိစ္စကတော့ တခြားမဟုတ်ဘူး၊ အခု မောင်သိန်းအေးနဲ့ မထွေးနုတို့ ဘယ်အခြေရောက်နေပလဲဆိုတာ အားလုံးပဲ သိနေကြပါပြီ၊ ကလေးမကလည်း မနေ့ကပဲ ဖွင့်ပြောတယ်။ ဒီတော့ ကလေးမရဲ့အမေနဲ့ အစ်မကရော ဒေါ်ဒေါ်တို့ကပါ အားလုံး သဘောတူကြပါတယ်။ ဒါပေမဲ့ ဒီအတိုင်းချည်းနေသွားလို့ မပြီးတဲ့ကိစ္စဖြစ်နေတော့ အခုလက်ငင်းအခြေအနေ အရ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မလုပ်နိုင်တောင် နံဘေးလူတွေ မြင်လို့ကြားလို့ ကောင်းသွားအောင်တော့ ဒီအနီးပါးနားက လူကြီး ဆယ့်ကိုးယောက်လောက် လက်ဖက်ရည်လေးဘာလေးတိုက်ပြီး လူသိနတ်ကြား လုပ်ပစ်လိုက်စေချင်တယ်ကွယ်၊ မောင်သိန်းအေးလည်း ဒေါ်ဒေါ်ပြောတဲ့ စကားကို မပယ်ဘူးလို့ ယုံကြည်တယ်ကွယ်"

ကိုသိန်းအေးမှာ ရှေ့ရေးအဖို့ တွေးထင်ထားသော်လည်း ဤမျှအထိ မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ရုတ်တရက် မျက်စိများပင် ရီဝေ၍သွားကာ မိမိတို့အဖို့ အကြောင်းအားလျော်စွာ ဖန်တီးလာပြီး အနေအထိုင် လွန်ကျူးမိသည်ကို နောင်တရမိလေသည်။

စကားရည်လည်သော ဒေါ်စိမ်းအုံ၏ 'ကောက်ပင်ရိတ်လှီး' ပြောလိုက်သော စကားထဲမှ (ကလေးမကလည်း မနေ့ကပဲ ဖွင့်ပြောတယ်) ဟူသောအချက်ကို ကြားလိုက်ရသဖြင့် မထွေးနုကလေးသည် သူတို့အား မည်သို့ပြောထားလေပါသနည်း။ မိမိက အမှန်အတိုင်း မဟုတ်ရပါကြောင်း၊ သီးသီးခါးခါး ငြင်းလိုက်ပါသော် သူတို့ယုံကြည်ကြပါမည်လား။ မထွေးနု၏

mgyoe.com

m gyoe.com SAMPLE BOOK


ဂုဏ်သရေကို ထိခိုက်ချေတော့မည်။ စေ့စေ့တွေးမှ တရေးရေးခက်။ အသက်ရှူပင် ကျပ်မိတော့သည်။ နောက်ဆုံးတွင် စကားမပြန်လျှင်လည်း မပြီးဖြစ်နေသောကြောင့် ဒေါ်စိမ်းအုံ၏မျက်နှာကို စေ့စေ့မှန်မှန်ကြည့်ပြီး ရည်မွန်သောအမူအရာသို့ ပြောင်းလိုက်ရကာ...

"ဒေါ်ဒေါ်ပြောတာ မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်လည်း ဒီကိစ္စကို စဉ်းစားနေတာ တော်တော်ကြာပါပြီ။ ဒေါ်ဒေါ်ပြောသလို အခြေအနေအရ ပြီးလွယ်သကြောင်း စရိတ်ကျဉ်းကျဉ်းနဲ့ လူသိနတ်ကြား လုပ်လိုက်ဖို့လည်း စိတ်ကူးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ လူကြီးမိဘများ ရှိသေးလေတော့ သားသမီးရဲ့ဝတ္တရားအတိုင်း ပထမ မိဘများကို အသိပေးချင်ပါတယ်။ ကျွန်တော့် ဒီအသက်ဒီအရွယ်နဲ့ ဒီလိုငွေနဲ့ကြေးနဲ့ ထောင်ထားလေတော့ ကျွန်တော့်ကို ယုံကြည်စိတ်ချပြီးဖြစ်နေလို့ မိဘများက ကျွန်တော့်ဆန္ဒကို ငြင်းပယ်လိမ့်မယ် မဟုတ်ပါဘူး။ ကိုယ့်ဖို့ကိုယ်သိတတ်ပြီးတဲ့ သားဖြစ်ကြောင်း ယူဆကြပါလိမ့်မယ်။ အဲဒါကြောင့် ဒေါ်ဒေါ်က သူတို့ကို သိပ်အရင်မလိုဘဲ ခေတ္တစောင့်ကြဖို့ ပြောပေးပါခင်ဗျာ" ဟု အဆုံးသတ်လိုက်မှ ဒေါ်စိမ်းအုံသည် ကိုသိန်းအေးပြောစကားကို အတန်ကြာမျှ စဉ်းစားဟန်ပြုပြီး—

"အင်း... မိဘများ ရှိသေးလေတော့ မောင်သိန်းအေးပြောတာ မှန်တာပေါ့လေ၊ သည်တော့ မင့်မိဘများ စကားပြန်ရဖို့က ဘယ်လောက်ကြာမယ်ထင်သလဲ"

"ကျွန်တော်တို့အရပ်နဲ့ ဒီနဲ့ စာအသွားအပြန်ဆိုတော့ သီတင်းနှစ်ပတ်လောက်ပဲ ကြာမှာပါပဲ"

ဒီတွင်မှ ဒေါ်စိမ်းအုံသည် နောက်ထပ် စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီး ကိုသိန်းအေးအား နှုတ်ဆက်၍ ပြန်သွားလေ၏။

ဤမှ ကိုသိန်းအေးသည် သက်ပြင်းကြီး အင်းခနဲချလိုက်ပြီး သူနှင့်ထွေးနုတို့၏လမ်းကို ယတိပြတ် ဆုံးဖြတ်လိုက်လေသည်။

တစ်ရက်နှစ်ရက်အကြာ၊ ကြာသပတေး မီးရထားနှင့် ကိုလှငွေတို့ ရောက်လာကြသောအခါ ကိုသိန်းအေးက ထွေးနုအား ကသာက ဆန်တွေကြောင့် မနက်ဖြန်ခါ ပြန်လိုက်သွားတော့မည်၊ ဒီမှာကျန်နေသော ဆန်

mgyoe.com

mgyoe.com SAMPLE BOOK

ဆယ့်လေးငါးအိတ်ကို မထွေးနုပဲ ကြည့်ရှောင်းထားလိုက်ဟု အပ်နှင်းလိုက်သည်။

ကိုလှငွေနှင့် ကိုအောင်ကြီးတို့နှင့် ယခင်တစ်ပတ်ကကဲ့သို့ပင် ကိုသိန်းအေးတို့ ဆိုင်ခန်းကလေးထဲ၌ မထွေးနုချက်ပြုတ်သော ထမင်းဟင်းကို အရက်ပုလင်းများနှင့် ပျော်ရွှင်စွာ စားသောက်ကြလေ၏။ မထွေးနုလေးကမူ သူတို့နှင့် လိုက်လျော၍ အပေါ်ယံ ပျော်ရွှင်ဟန်ရှိသော်လည်း အတွင်းစိတ်တွင် ဘဝင်မအေးရှာပေ။

နောက်တစ်နေ့နံနက်၌ ကသာသို့ ပြန်တော့မည်ဖြစ်သော ကိုသိန်းအေး၏ အဝတ်အစားများကို ခေါက်သိမ်းပေးနေစဉ် ရုတ်တရက် မအောင့်အည်းနိုင်၊ မျက်ရည်ဖြိုင်ဖြိုင်ကျလာလျက် ကိုသိန်းအေးအား စေ့စေ့ကြည့်၍။

"ရှင်... ရှင်၊ ရှင့်မိဘဆီကစာ ဘယ်တော့ပြန်လာမှာတဲ့လဲ" ဟု တိုက်ရိုက်ကြီးမေးချလိုက်လေတော့...

ကိုသိန်းအေးသည် ရှပ်အင်္ကျီကြယ်သီး တပ်နေရာမှ ရင်ထဲ ဒိတ်ခနဲဖြစ်ဖြစ်သွားကာ...

"မကြာပါဘူးကွယ်၊ သီတင်းနှစ်ပတ်လောက်ဆို ရောက်မှာပေါ့"

"နို့... ပြီး ရှင့်မိဘက သဘောမတူဘူးဆိုရင်ကော..."

"အို... သူတို့သားဆန္ဒကို ငြင်းဆန်မယ် မဟုတ်ပါဘူးကွယ်၊ မပူပါနဲ့၊ တိတ်ပါ... တိတ်ပါ" ဟုဆို၍ မျက်ရည်စများကို သုတ်ပေးရင်း မထွေးနု၏ ဖြူဝင်းပြည့်တင်းသော မျက်နှာကလေးနှင့် ကျောက်စိမ်းရောင်တောက်ပနေသော မျက်ခုံးမွေးထူထူ တန်းတန်းလေးကို နီးနီးကပ်ကပ် ကြည့်ကာ လွန်စွာမှ ကရုဏာသက်မိတော့သည်။

ထိုနောက် မထွေးနု အဝတ်တွေ ခေါက်နေသည်ကို ကြည့်နေရာမှ တစ်စုံတစ်ခု သတိရ၍

"အော့... အခု မထွေးနု ခေါက်နေတဲ့ ဥပုသ်တော်ဆင် မန္တလေးလုံချည်လေးက သိပ်ချစ်စရာကောင်းတာပဲလို့ မထွေးနု ပြောဖူးတယ်။ အဲဒါလေး ယူထားလိုက်လေ၊ အထက်ဆင် တပ်ဝတ်လိုက်ပေါ့။ ကိုယ်... တစ်ခါနှစ်ခါလောက်ပဲ ဝတ်ရသေးတယ်"

မထွေးနုသည် လုံချည်ခေါက်ကလေးကို လက်ကချလိုက်ပြီး ဘာမှ

mgyoe.com

mgyoe.com SAMPLE BOOK


မပြန်မပြော တုံဏှိဘာဝေ…

နောက်ရထားထွက်ချိန် နီးသောအခါ၌ သူ့အမေနှင့်အတူ ကိုသိန်းအေးကို ဘူတာသို့ လိုက်ပို့သည်။

ရထားကြီးထွက်သွားပြီး ပြတင်းပေါက်မှ ခေါင်းပြူ၍ လက်ပြသွားသော ကိုသိန်းအေး၏မျက်နှာကို နောက်ဆုံး မမြင်ရသည်တိုင်အောင် တစ်မျှော်တစ်ခေါ်ကြီး ကြည့်နေပြီးမှ ဘူတာဝင်းထဲက ထွက်ခဲ့သည်။ မထွေးနုမျက်မှောက်မှ ဝေးသည်ထက် ဝေးဝေးသွားပြီဖြစ်သော ရထားကြီးပေါ်တွင်ကား ကိုသိန်းအေးသည် ကိုလှငွေနှင့် ကိုအောင်ကြီးတို့အား မိမိ၏ဖြစ်ကြောင်း ကုန်စင်ကို ပြောပြလျက်ရှိလေ၏။

ကိုသိန်းအေး၏ စကားဆုံးသောအခါ ကိုလှငွေက…

"ဟာ… ကျွန်တော်က ဖန်တီးပေးရက်သားနဲ့ ခင်ဗျား တယ်ညံ့တဲ့လူဗျာ၊ ဟိုအဒေါ်ကြီးပြောတဲ့အတိုင်း လူကြီး ဆယ်ယောက်ကိုးယောက်လောက် လက်ဖက်ရည်တိုက်လိုက်ရုံနဲ့ အပျိုချောချောတစ်ယောက် အပိုင်ရမှာကို။ သူတို့ပြောသလိုလုပ်ပြီး ခင်ဗျား အညာမှာနေသလောက် ပေါင်းနေရုံပေါ့ဗျ…"

ထိုအခါ ကိုသိန်းအေးက…

"ဒီမှာကိုလှငွေ ခင်ဗျားဖန်တီးပေးတဲ့နိဒါန်းကြောင့် မထွေးနုလေး ဒုက္ခ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပါစေတော့ဗျာ။ ခင်ဗျားပြောသလိုသာ ပြုမူလိုက်ရင် ရန်ကုန်မှာ သားမယားရှိနေတဲ့ ကျွန်တော်ပါ သူကလေးအတွက် တစ်သက်လုံး စိတ်ချမ်းသာရတော့မယ် မဟုတ်ဘူးဗျာ။ ဒီဘဝ ဒီမျှနဲ့ပဲ နိဂုံတံပါရစေတော့ ကိုလှငွေရယ်…"

ဩော်… လူ့ရွာစခန်း၊ ဘဝလမ်းသည် နိဒါန်းအပြုံး–နိဂုံးအလွမ်းဖြင့်သာ ပြီးဆုံးပါ၏။

လုံမလေးအမျိုးသမီးမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၀။

■

mgyoe.com

mgyoe.com SAMPLE BOOK

## သူတောင်းစားကြီးတစ်ယောက်အကြောင်း

မွေးသဖခင် ရှိစဉ်တုန်းကမူ ကျွန်တော်သည် ရွာသို့ မကြာခဏ ရောက်ရသည်။ အဖေမရှိသည့်နောက်တော့ဖြင့် ကျွန်တော် ရွာသို့ အရောက်ကျဲလှပြီ၊ ရင်းနှီးသူများထဲက သာရေးနာရေးမရှိလျှင် တစ်နှစ်မှ တစ်ခေါက်လောက်သွားသည့် ရာသီမှာလည်း လှည်းလမ်းပေါက်ကောက်ရိတ်ချိန်၊ ဤအခါကိုကျွန်တော် ရွေးသည်မှာလည်း ကျေးရွာတို့တွင် ခရီးကတင်း သွားရလာရခြေခင်းလက်ခင်း သာယာသောကြောင့်သာ မဟုတ်သေး။ ကျေးရွာတို့တွင် စပါးရိုပေါ်ချိန်၌ ရွာသားတွေ ငွေစချင်ကြ၍ ကျေးရွာစရိုက် ကြက်တိုက်ကြမသာကြောင့် ဖြစ်ပါ၏။

**ကျွန်တော့်ဝါသနာ**

လူတို့တွင် အထိုက်အလျောက်တော့ ဝါသနာ ရှိတတ်မြဲရာ သူ့ဝါသနာက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အကျိုးအပြစ်ကဲ့ တခြား၊ သူဝါသနာပါရာကို သူပြုလုပ်ရလျှင် သူပျော်သည်သာဖြစ်၏။

ဝါသနာဆိုသည်မှာလည်း အကြောင်းမဲ့ ပါလာသည်မဟုတ်၊ မျိုးရိုးနှင့် ဒေသပတ်ဝန်းကျင်ကို လိုက်သေးသည်။ ကျွန်တော်မှာ တောလက်ကျေးရွာတွင် မွေးဖွားကြီးပြင်းခဲ့ရပြီး၊ ကျွန်တော့်မိဘများ နှစ်ဖက်မျိုးရိုးမှ ကျွန်တော် ငယ်စဉ်က နီးစပ်စွာ နေခဲ့ရသူတွေ ကြည့်လိုက်တော့ ဖအေဘက်က ကြက်သမားတွေ၊ မအေဘက်က အရက်သမားတွေ ဖြစ်နေပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK


သို့ရာတွင် ဒီမိဘကမွေးတိုင်း မျိုးရိုးလိုက်ပြီး အရက်သမား၊ ကြက်သမားတွေ ဖြစ်ကရောလားဆိုတော့ ဒီလိုလည်း မဟုတ်သေးချေ။ ကျွန်တော်တို့ မွေးချင်းထဲ၌ သားယောကျ်ားလေးနှစ်ယောက်ရှိသည့်အနက် ကျွန်တော့်ညီမှာ ကြက်ကို လုံးဝနားမလည်ဘဲ အရက်ကိုပင် တစ်ခါတစ်ရံ အပေါင်းအသင်းနှင့် အဆင်သင့်ပါမှ အနည်းအကျဉ်းမျှ သောက်တတ်၍ ကျွန်တော်သာလျှင် ကြက်ရော အရက်ရော နှစ်ဖက်အမွေကို အပြည့်အဝ ခံယူနေသူ ဖြစ်နေပါ၏။

ကျွန်တော်တို့ ပေါင်းတည်မြို့တည်ရာ ရန်ကုန်ပြည်လမ်းတွင် အနေးရထား အမြန်ဒီဇယ်ဟူ၍ နှစ်မျိုးရှိပါသည်။ ဒီဇယ်က လူချည်း လက်ဆွဲတစ်အိတ်လောက်နှင့်သာ စီးနိုင်၍ တိရစ္ဆာန်ပါမယ်၊ ကုန်ပစ္စည်းများမယ်ဆိုရင် စီးခွင့်မရှိပေ။ ယခု ကျွန်တော်မှာ ရန်ကုန်သို့ သယ်သွားရမည့်ပစ္စည်း ကြက်ဖနှစ်ကောင်၊ ထန်းလျက်အရက် ၁၂-ပုလင်းဝင် ပလတ်စတစ် ဂျယ်ရီကင်ကတစ်လုံး၊ ညီမနှင့်အစ်မက ပေးလိုက်သော ဆန်ကတစ်တင်း၊ မြေးများစားဖို့ ပြောင်းဖူးက ၅၀၊ ဒါတွေနဲ့မို့ အမြန်ရထားနှင့် မဖြစ်တော့။ သည်တော့ အနေးရထား။ အဲ... အနေးရထားကလည်း ဒီခေတ်ကြီးမှာ အသွားအပြန် မှောင်ခိုကုန်သည်တွေနှင့်ချည်းမို့ ပြည်ကထွက်ကတည်းက အပြည့်၊ ပေါင်းတည်ဘူတာမှာ နေရာရဖို့ဆိုတာ မျှော်လင့်ချက်မရှိ။

သို့သော် ဒီလိုအခက်အခဲထဲမှာ ကံကောင်းတတ်သော ကျွန်တော့်အဖို့ အဆင်ပြေချင်တော့ ညီတော်သူ မောင်ပုက...

"အစ်ကိုကြီး ပြည်က မနက်ထွက်တဲ့ စာပို့နဲ့ ပြန်ချင်သလား"

"ဟ... ဒီရထားက ငါ ဘယ့်နှယ်လုပ် နေရာရနိုင်မလဲကွာ၊ နို့ပြီး ငါ့မှာ ကြက်တွေ၊ အရက်တွေ၊ ဆန်တွေနဲ့၊ အပေါက်က လူတိုးတက်ဖို့တောင် ခဲယဉ်းနေတာကွ"

"ရနိုင်တဲ့ နည်းလမ်းရှိလို့ ကျွန်တော် ပြောနေတာ အစ်ကိုကြီးရဲ့"

"ဘယ်လိုလဲကွ၊ ဆိုစမ်းပါဦး"

"ကိုထွန်းရှိန်ကြီးရယ် နက်ဖြန်ခါ ပြည်သွားမယ်လေ။ နို့ပြီး သန်ဘက်ခါ အဲဒီမနက်ရထားနဲ့ ပြန်လာမယ်"

"အား... ဟုတ်ပြီ၊ မင်းပြောတာ ငါနားလည်ပြီ"

မောင်ပု အကြံပေးချက်အရ ဤအနေးရထားနှင့် လိုက်ပါခွင့်ရသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ယခု ဝတ္ထုကို ရေးသားနိုင်ခြင်း ဖြစ်ပါ၏။

* * *

ထိုနေ့နံနက် ၇ နာရီခန့်တွင် ပြည်မှလာခဲ့သော စာပို့ရထားသည် ပေါင်းတည်ဘူတာသို့ ဆိုက်ပါလေပြီ။ ယခုအချိန်၌ ကုန်သည်တို့လုပ်ငန်းကို ဖော်ပြရလျှင် လက်ပံတန်းအောက်ဘက်က ဆန်တို့ကို ရန်ကုန်သို့ပို့ကြ၍ လက်ပံတန်းအထက်က ဆန်တို့ကိုမူ ပြည်သို့ပို့ကြပြီး အပြန်မှာ ပြည်က ရသမျှ ကုန်တွေကို ပြန်သယ်ကြ၏။ ကုန်စိမ်း၊ ကုန်စိုရော၊ ကုန်ခြောက်ရော။ ထို့ကြောင့် ရထားမှာ လူပြည့်၊ ကုန်ပြည့် ခုံတွေအကြားမှာ လမ်းတွင် ခြေချစရာပင်မရှိ။ တွဲပေါ်က လူတက်ဖို့ပင် ခဲယဉ်းဘိ၏။

ထို့ကြောင့် ကျွန်တော်နှင့် မောင်ပုသည် ပြည်မှ ထွန်းရှိန်ပါလာသော တွဲပြတင်းပေါက်မှ အောက်ကနေ၍ ကြက်တစ်ကောင်စီ ထည့်ထားသော ဝုန်နီလက်ဆွဲအိတ်နှစ်လုံး၊ အရက်ပုံး၊ ဆန်အိတ်နှစ်ပိုင်းနှင့် ပြောင်းဖူးတွဲတို့ကို ထွန်းရှိန်သို့ ပေးရ၏။ ပစ္စည်းများအားလုံး ရောက်တော့မှ ကျွန်တော်က ပြတင်းပေါက်ကတက်၊ ထွန်းရှိန်နေရာထိုင်၊ ထွန်းရှိန်က ပြတင်းပေါက်က ဆင်း၊ ယင်းသို့ဖြင့် ကျွန်တော် ဤရထားမှာ နေရာရခဲ့ပါသတည်း။

**အဖော်ကောင်း**

ကျွန်တော်သည် ဤသို့ မီးရထားနှင့် ခရီးရှည်သွားလျှင် လမ်းတွင် အစားကောင်း၊ အမြည်းကောင်းလေးများ ဝယ်ရရှိပါက အရက်သောက်တတ်ပါသဖြင့် ကိုယ်နှင့်တွဲထိုင်ရသူသည် အမျိုးသမီး သို့မဟုတ် ဘုန်းကြီးဖြစ်မှာကို အလွန် စိုးရိမ်ပါ၏။ ယခုမူ အဆင်ပြေချင်တော့ ထွန်းရှိန်နှင့်အတူ စီးလာသူသည် ကျွန်တော်နှင့် သက်တူရွယ်တူလောက် ဖော်ရွေသူ လူရည် လည်း လည်ပုံပေါက်သူဖြစ်ရုံမက သူက ကျွန်တော့်ကို သိနေပါတော့၏။ ဒါလည်း အံ့သြစရာမဟုတ်ပါ။ ကျွန်တော်က ရုပ်ရှင်ကားတွေထဲ ပါဖူးနေ သည် မဟုတ်ပါလား။

ထွန်းရှိန်တို့ မောင်ပုတို့နှင့်နှုတ်ဆက်ပြီး ရထားထွက်လာသောအခါ သူက စတင်၍–

mgyoe.com

mgyoe.com SAMPLE BOOK


"ဦးသော်တာဆွေမဟုတ်လားခင်ဗျာ၊ ကျွန်တော် ထွန်းနှောင်ပါ"

"သြော်... ဟုတ်ကဲ့ခင်ဗျာ"

"ရွာက ပြန်လာထင်ပါရဲ့၊ ကြက်နှစ်ကောင်တောင် ပါလာသကိုး"

ကြက်တွေကို ခြေထောက် ကြိုးတုပ်ပြီး ဂုန်နီလက်ဆွဲအိတ်တစ်ခုစီမှာ ထည့်ထားရာ ကြက်သံလည်း မကြား၊ ကြက်ကောင်လည်း မမြင်ရဘဲနှင့် သူသိနေပုံထောက်တော့ ဧကန္တ ဒီလူလည်း ကြက်သမားပဲဖြစ်ရမယ်ဟု ကျွန်တော် အကဲဖမ်းပြီး–

"ဟုတ်တယ် ခင်ဗျ"

"ကြက်တွေ ခေါင်းထုတ်ပါဗျာ၊ မွန်းနေပါ့မယ်၊ ခြေထောက်က ကြိုးတွေလည်း ဖြေပါ၊ မိုးတိုးမတ်တတ် နေပါစေ"

"ဒီလိုဆိုတော့ သူတို့နှစ်ကောင် ခွပ်မှာ စိုးရတယ်ဗျ"

"ကိစ္စမရှိပါဘူး၊ ဆရာနဲ့ကျွန်တော် တစ်ယောက်တစ်ကောင်စီ ထိန်းကြတာပေါ့"

ဟာ... ဟန်ပဟေ့၊ ကြက်ထိန်းပေးမယ့်လူတောင် ရပြီဟု ကျွန်တော့် စိတ်ထဲ ဝမ်းသာသွားသည်။ ကြက်များ ထုတ်ပြီးသောအခါ၌ သူက တစ်ကောင်စီယူ၍ ကြက်အင်္ဂါကို ကြည့်သည်။ ယင်းသို့ ကြက်တွေ့လျှင် ဒီလို မကြည့်ဘဲ မနေနိုင်သည်မှာ ကြက်သမားတို့၏ သဘာဝပင်။

"ကြက်အဆက်အပေါက်ကလေးတွေကတော့ နှစ်ကောင်စလုံး ကြိုက်စရာဗျို့၊ ကြက်ထောင်ခွပ်ကလေးတွေ နေမှာပဲ၊ လည်စလည်န ကြည့်ရတာ"

"ဟုတ်တယ်၊ ကျွန်တော်ကြည့်ပြီးမှ ဝယ်ခဲ့တာပဲ၊ ကြက်ဝင် ခေါင်းသန်ချင်၊ ပလူးချင်တဲ့ ကြက်ဆိုရင် ကျွန်တော် အလကားပေးတောင်မယူဘူး"

"ကြက်ဝင်ကောင်းတွေလည်း ရှိသားပဲ ဆရာရဲ့"

"ဟာ... ကြက်ဝင်ကောင်းဆိုတာက ကြက်ဝင်ကို အခွပ်ကောင်းတဲ့ ကြက်မျိုးနဲ့မတွေ့ခင်သာ ကြက်သက်ရှည်တာပဲဗျာ၊ ကျွန်တော် ကြက်ဝင်ကောင်းကို တစ်ခါ ရဖူးပါတယ်ဗျ၊ နောက်ဆုံးပွဲမှာတော့ သောက်ရှက်ကို ကွဲရော"

"ဘယ်လိုလဲ ပြောပါဦး ဆရာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြက်သမားချင်းတွေ့ပါက ကြက်အကြောင်းပြော၍ မပြီးနိုင်၊ မညည်းနိုင်ရှိတတ်ကြသည်။ ဤကား ဝါသနာတူတို့သဘောပင်။

"ဆယ့်လေးငါးနှစ်လောက် ရှိခဲ့ပါပြီဗျာ၊ ကျွန်တော့် ၇ မိုင် ရွာတန်းရှည် ရွာလေးနေစဉ်တုန်းက အဲဒီကြက်ကို ၈ မိုင် မရမ်းကုန်း ကြက်ကုလားခြင်းထဲက ရခဲ့တာဗျ၊ ကျွန်တော် ဈေးဝယ်သွားရင်းနဲ့ ခြင်းထဲက အဲဒီကြက်တွန်သံကိုကြားလိုက်တော့ ကြက်သမားနားနဲ့ ကျွန်တော် မနေနိုင်ဘူးဗျို့၊ အမြီးတံစဉ်ကောက်၊ နှုတ်ရေတံလျှောက်၊ အသံပုဆိန်ပေါက်ဆိုတဲ့ အသံမျိုးလားဗျ၊ ဒါနဲ့ ကျွန်တော် ခြင်းထဲသွားကြည့်တော့ အမွေးအတောင်ကလည်း ကောင်းပါဗျာ၊ ကြက်ဝါမြီးကြော တောင်ကြောကလည်း လိုက်ပါဘိသနဲ့၊ ကြက်လျားကလည်းရှည်၊ ဘဲကိုယ်ကြီးဗျ၊ ကြက် ဆယ့်တစ်ပြားလောက်ရှိမယ်၊ ဒီနှစ်ကြက်လားကြီးပဲ၊ အတက်က ဟိုင်းဆန့်တယ်၊ လက်ပံချွန်နှစ်ခွခွဲ၊ ခြေကြေး သုံးတန်းပျက်"

"အင်း... အဲဒီကြက်မျိုး ခြေကောင်းတတ်တယ်"

"ကောင်းတယ်... ကောင်းတယ်၊ ကောင်းပုံ နောက်တော့ ပြောပြမယ်၊ ဒါနဲ့ ကျွန်တော် သူ့ကို ခြင်းထဲက ဆွဲထုတ်ကြည့်လိုက်တော့ မျက်လုံးမျက်ဆန်ကလည်း အကောင်းပဲဗျ၊ ကြက်လည်း ခွပ်ဖေးမရှိဘူး၊ သန့်လို့၊ ကြက်မှာ ရေသားမိုးသားနဲ့ တိုက်ပြီးသားကြက်ဆိုတာလည်း သိသာတယ်၊ ပြေးလို့များ ခြင်းထဲထည့်လိုက်သလား ကြည့်တော့လည်း ကြက်အင်္ဂါမှာ ပြေးရုပ်မရှိဘူးဗျ၊ အင်မတန် သတ္တိကောင်းမယ့်ပုံရှိတယ်၊ ဒီတော့ တစ်ယောက်ယောက်က ခိုးပြီးရောင်းတာလည်း ဖြစ်နိုင်တယ်ဆိုပြီး ကျွန်တော် အသားဈေးနဲ့ ဝယ်ခဲ့တယ်၊ အဲဒီတုန်းက ကြက်တစ်ပိဿာ ၅ ကျပ်လားဗျ၊ ဒီလို ကြက်ဖကြီးဆိုတော့ ၄ ကျပ်ရတယ်၊ တစ်ပိဿာ ၅၀ ရှိလို့ ၆ ကျပ် ပေးခဲ့ရတယ်။

"ကျွန်တော်လည်း ဒီလိုပဲ ခြင်းထဲက ကြက်ကောင်းတစ်ကောင်ရဖူးတယ်ဗျ"

"ကျွန်တော့်ကြက်က ကြက်ဝင်ကောင်းဗျာ၊ လွှတ်လိုက်တယ်ဆိုရင် နှစ်ချက်သုံးချက် ဆောင့်ပစ်တာပဲ၊ အဲ... ပစ်ပြီးပြီဆိုရင် သူတစ်ခါတည်း ခေါင်းကြီးထိုးဝင်တာပဲ၊ သူ့ခေါင်းကိုဖမ်းလို့တော့ ဘယ်တော့မှမရဘူး၊ ရင်ဘတ်အောက်ရောက်ရင် နောက်ပေါက်တိုးပြီး တောင်လိမ်တက်တာပဲ၊ အဲ...

mgyoe.com

mgyoe.com SAMPLE BOOK


တောင်လိမ်တက်မိပြီဆိုတော့ နောက် ဆက်ဆွဲပြီး ၃ ချက်လောက် ခွပ်ရရင်ပြီး တာပဲ၊ တစ်ဖက်ကြက် နေဒက်ဆက်ကွဲပြီး ပြေးရင်လည်းပြေး၊ မပြေးရင် မူးလဲတော့တာပဲ၊ အဲလိုနဲ့ချည်း ကျွန်တော် ခြင်းထဲက ဝယ်ခဲ့တဲ့ ပထမနှစ်မှာ ၃ ပွဲဗျ၊ နောက်နှစ် တစ်မွေးထိုးမှာ ကိုယ့်ရွာတင် နှစ်ပွဲနိုင်လိုက်တယ်၊ နောက်တော့ အနီးပတ်ဝန်းကျင်မှာ သူ့ခံတိုက်မယ့်ကြက် မရှိသလောက် ဖြစ်ကရော ဗျို့၊ ဒါနဲ့ ကျွန်တော်တို့ ဂျစ်ကားတစ်စီးနဲ့ တညင်းကုန်းဝိုင်း ဆင်းသွားကြတယ်၊ အဲဒီဝိုင်းမှာ ကြက်ဆယ့်လေးငါးဖလောက် လာတာဗျ၊ ကျွန်တော့်ကြက်က အကြီးဆုံးဖြစ်နေတယ်၊ တစ်မွေးထိုးဆိုတော့ ကြက်ကလည်း အင်မတန် စည်ကားနေတာဗျာ၊ ဒါနဲ့ ကျွန်တော့်ကြက်ဆွယ်ဘက်ကို မရှိဘူး၊ ဒါကြောင့် သည့်ပြင်ကြက်တွေချည်းတိုက်ကြတာ၊ ဒါနဲ့ ၃ နာရီကျော်လို့ နေစောင်းတော့ ကြက်လည်း ၄–၅ ပွဲလည်းပြီးရော တိုက်ဖို့ကြက်မရှိတော့ဘူး၊ အဲဒီအခါမှာ ကျွန်တော့်ကြက်နဲ့ ဒေါက်ချင်းတူပေမဲ့ အလုံးနဲ့အလျား ကျွန်တော့်ကြက်က အများကြီးသာနေတဲ့ ပြာမဲကြီး ကြက်ရှင်က ကျွန်တော့်ကြက် လာကြည့်ပြီး (ခင်ဗျားတို့ ကြက်ဝင်သလား)လို့ မေးတယ်၊ ဒီတော့ ကျွန်တော်က (ကျုပ်တို့ ကြက်မဝင်ရင်လေ ခင်ဗျားတို့ ကြက်ကိုနိုင်တာတောင် တစ်ပြားမှ မယူပါဘူး)လို့ ပြောလိုက်တော့ သူတို့က (ဒါဖြင့် ၃၃၀ ကြေးလောက်တော့ စလွှတ်မယ်ဗျာ)ပြောတယ်၊ ကျွန်တော်တို့က သည့်ထက်တိုးဖို့ပြောတော့ သူတို့က (ခင်ဗျားတို့ကြက်က သိပ်ကြီးနေလို့ လက်ရင်းတော့ ဒါလောက်ပဲဗျာ၊ လက်ဖျားမှာ ကြည့်လောင်းပါမယ်) ဆိုတာနဲ့ ကျွန်တော်တို့ ကလည်း ၃၃၀ ဆိုလည်း မနည်းဘူးပေါ့လေ၊ အမှန်တော့ ကျွန်တော်တစ်ယောက်တည်းက ၅၅၀ တိုက်ချင်နေတာဗျ၊ ဒါနဲ့ ဒီ ၃၃၀ ကျွန်တော်က ကြက်ရှင်မို့ ၁၁၀ တည်းထည့်ရပြီး ကျန်တဲ့ ၂၂၀ ကို ကိုယ်နဲ့အတူပါလာတဲ့လူတွေ ၅၅ ကျပ်တို့၊ ၂၂ ကျပ်တို့၊ ၁၁ ကျပ်တို့ပဲ ထည့်ကြရတော့တာပေါ့ဗျ၊ ဒီလိုနဲ့ ကြက်နှစ်ကောင်လည်း လွှတ်ကရော ကျွန်တော့်ကြက်က ထုံးစံအတိုင်း ၃–၄ ချက်ပစ်ပြီး ဝင်တော့တာပဲ၊ ဝင်တယ်ဆိုပဲ သူတို့ဘက်က (ဟော့... ပြောတဲ့အတိုင်း ဝင်တယ်ဟော့၊ လောင်းကြတော့ လောင်းကြတော့)ဆိုတော့ ကျွန်တော်တို့ ရွာသားတွေနှင့် သူတို့ဘက်သားတွေ အလုအယက် လက်ဖျား ဆွဲလိုက်ကြတာဗျာ ၁,၀၀၀ ကျော်သွားရော၊ ကျွန်တော်လည်း လုဆွဲရတာ

mgyoe.com

mgyoe.com SAMPLE BOOK


၁၀၀ တစ်ဆိုင်း၊ ၅၀ သုံးဆိုင်း ရလိုက်တယ်၊ ကျွန်တော့်ကြက်စွဲက ဆရာတော်တော့ တော်တော့ဆိုလို့ ကြက်ဝိုင်းထဲ ပြန်ကြည့်လိုက်ပါတယ်၊ လား... လား ကျွန်တော့်ကြက်ဟာ ဝမ်းလျားမှောက်ကြီး ဖင်ဘူးတောင်းထောင် လဲနေပါရောဗျ။

"ဟိုကြက်ကဗျာ သူ့စလုတ်အောက် ခေါင်းအရောက်မှ ပစ်တာပဲ၊ နောက်ဆုတ်ဆုတ်ပြီးတော့ စုံခုတ်ခုတ်သွားတာ၊ စူးလိုက်တဲ့ အတက်လည်းဗျာ ရက်ရက်စက်စက်၊ ကျုပ်ကြက် ဦးနှောက်တွေထွက်ပြီး သေပါရောလားဗျ၊ ကျွန်တော် ပိုက်ဆံရှုံးတာထက် ရှက်လိုက်တာဗျာ၊ ငွေ ၁၀၀၀ ကျော်ကို ဟိုကြက်က ၁၀ မိနစ်လောက် ခွပ်သွားတာဗျ"

"ကြွပ်ခွပ်ကြက်ခံတွေမှားတော့ ဒီလိုပေါ့ဆရာ"

ကျွန်တော်တို့ ကြက်သမားနှစ်ယောက် စကားကောင်းလာလိုက်ရာ ကြို့ပင်ကောက်ဘူတာဆိုက်သောအခါ ကျွန်တော်သည် ကြက်သားကင်သည်ကိုခေါ်၍ ဝယ်လိုက်သည်။ ဤလမ်းတွင် ကြို့ပင်ကောက် ကြက်သားကင်ကို ကျွန်တော် ခံတွင်းတွေ့သည်။ ကြက်သားအရိုးရော အသားပါ အတုံးလေးတွေ တံစို့ထိုး၍ ကင်ထားသည်။ ကြက်သွန်ဥကြီး တစ်ခြမ်းစီနှင့် သံပရာသီး တစ်စိတ်စီလည်း ပါသည်။ ကြက်သားကင် ၆ ခု လက်ပေါ်ဖြန့်လိုက်ပြီး အိတ်ထဲမှ အရက်ပုလင်းနှင့် ဖန်ခွက်ကိုထုတ်၍ ခုမှတွေ့ရသော မိတ်ဆွေသစ်အား သူ့မျက်နှာအကဲခတ်ပြီး–

"ကိုထွန်းနောင် ခင်ဗျားလည်း ကြိုက်လိမ့်မယ် ကျွန်တော်ထင်တယ်"

သူက ပြုံး၍–

"ဟာ... အားနာစရာကြီး ဆရာ"

"မနာပါနဲ့ဗျာ... ခင်ဗျား ကျွန်တော့်ကြက်တစ်ကောင် ပိုက်လာပေးတာ အများကြီး ကျေးဇူးတင်တယ်၊ နို့မဟုတ်ရင် ကျွန်တော့်ကြက်တွေကို ခြေထောက် ကြိုးနဲ့တုပ်ပြီး သူတို့အိတ်ထဲက ခေါင်းသာဖော်ထားရမှာ၊ ခုတော့ ကျွန်တော့်ကြက်တွေကို ဒီလို တကြော်ကြော်တွန်ပြီး လိုက်လာနိုင်တာ သိပ်ဝမ်းသာတာပဲ"

သို့နှင့် ကျွန်တော်တို့သည် တစ်ခွက်စီချကြပြီး ကြက်သားကင်ကို တမြုံ့မြုံ့ စားနေကြသည်။

mgyoe.com

ထို့နောက် မကြာမီ ရထားထွက်လေသည်။ ရထားထွက်၍ လူများ ကိုယ့်နေရာကိုယ် ငြိမ်သက်စွာ ရှိကြသောအခါ၌ ပိုက်ဆံထည့်သော ဒန်ခွက် ကို တချောက်ချောက်ခေါက်ကာ သူတောင်းစားကြီးတစ်ယောက် လူအုပ်ကို တိုးလျှိုးလာလေသည်။ သူတောင်းစားကြီးကိုယ်သည် ညစ်ပတ်လှသော ကြောင့် လူတွေ သည်မျှ ကျပ်နေသော်လည်း သူ့ကို လူချင်းမထိအောင် လမ်းဖယ်ပေးကြသည်။ အနီးမှ မြန်မြန်သွားရန်လည်း ပိုက်ဆံထည့်ကြ သည်။

ယင်းကိုကြည့်၍ ကျွန်တော်က ကိုထွန်းနောင်အား 'ရထားလူကျပ် တော့ သူတောင်းစားအဖို့ ပိုနိပ်နေတာပဲ'ဟု ပြောလိုက်တော့ ကိုထွန်းနောင် သည် သူတောင်းစားကြီးကို လှမ်းကြည့်လိုက်ပြီး သူ့မျက်နှာ သိသိသာသာ ပျက်သွားသည်။ ပြီးလျှင် သူ့အိတ်ထဲက မျက်မှန်ပြာကိုထုတ်၍ တပ်လိုက်ပြီး အပြင်ဘက် လှည့်နေသည်။ နောက်ထပ် သူတောင်းစားကြီးကို မကြည့် တော့။

သူတောင်းစားကြီးသည် အရပ်မြင့်၍ ရိုးကြီးဂေါင်ဂင်နှင့် မျက်တွင်း ဟောက်ဟောက် မေးကောက်ကောက် တော်တော်ပဲပိန်သည်။ သူ့၌ သည်လို ပိုက်ဆံလျှောက်တောင်းစားရုံမှတစ်ပါး အခြားအလုပ်လုပ်ရန် အင်အားရှိပုံ မပေါ်။

ကျွန်တော်က ကိုယ့်လူ၏ ထူးခြားပုံကို သတိထားလိုက်မိသည်။ သူတို့ချင်း တစ်နည်းနည်း ပတ်သက်နေပုံပေါ်သည်။ ဟုတ်ပါ၏၊ သူတောင်း စားကြီးသည် ကျွန်တော်တို့အနီး ရောက်သောအခါ၌ ကျွန်တော်က ပိုက်ဆံ လှမ်းထည့်လိုက်သော်လည်း ရှေ့ဆက်မသွားတော့ဘဲ ကိုထွန်းနောင်အား စိုက်ကြည့်နေပြီးနောက်–

"ဟော့... ထွန်းနောင် မင်း ဘယ်က ပြန်လာလဲကွ"

သည်တော့မှ ကိုထွန်းနောင် မနေသာတော့ဘဲ ခပ်ပြတ်ပြတ်အသံနှင့်–

"ပြည်ကဗျာ"

"ကိုသာဝတို့ဆီ မင်း ကြက်သွားယူတာလား၊ မှန်းစမ်း မင်းကြက်၊ ငါ ကြည့်စမ်းမယ်"

သို့သော် ကိုထွန်းနောင်က သူ့လက်ထဲက ကြက်ကိုမပေးဘဲ–

mgyoe.com

m.gyoe.com  SAMPLE BOOK 

"ကျွန်တော့်ကြက် မဟုတ်ပါဘူးဗျာ၊ ကြည့်မနေပါနဲ့၊ ဟောဒီဆရာ့ကြက်ပါ"

"ဟိုတုန်းက ငါ မင်းဆီယူလာခဲ့တဲ့ ကြက် ဘယ့်နှယ်နေလဲ"

"တော်စမ်းဗျာ... အဲဒီကြက်အကြောင်း ခင်ဗျား လုပ်ရက်တယ်"

"ဟ...ဘာဖြစ်လို့တုံး၊ မင်းက ငါ့ကို အကောင်းမထင်ဘဲကိုး"

"ပထွေးလေးဟာ ဆွေမျိုးတွေထဲမှာ ဘယ်သူ့အပေါ် ကောင်းခဲ့လို့တုံး"

"ဒါကလည်း အကြောင်းကြောင်းတွေကြောင့်ပါကွာ၊ မင်းတို့ ငါ့ကို ရက်စက်ကြတယ်၊ အခုလို ငါ သူတောင်းစားဖြစ်နေတာ ကြည့်ကောင်းကြသလား"

"ကျွန်တော် မကြည့်ချင်လို့ပဲ ဟိုဘက်လှည့်နေတာ၊ ပထွေးလေးက ဘာလို့ လာခေါ်တာလဲ"

"မင်းတို့က ငါ့ကို ပစ်ပယ်ကြပေမဲ့ ငါကတော့ ငါ့တူတွေကို ချစ်ပါတယ်ကွာ"

"ကဲ... ပထွေးလေး သွားတော့ဗျာ"

ဆိုပြီး ကိုထွန်းနောင်သည် သူ့အိတ်ထဲမှ ၁၀ တန်တစ်ရွက်ထုတ်၍ ပေးလိုက်၏။ သည်တော့မှ လူကြီးသည် ငွေကိုယူ၍ အလွန်ဝမ်းနည်းသော မျက်နှာကြီးနှင့် ရှေ့သို့ဆက်၍ တကြော်ကြော်နှင့် တောင်းခံသွားတော့၏။

သူတို့နှစ်ယောက် ပြောကြသည်ကို နံဘေးလူများကလည်း ဝိုင်းကြည့်နေကြ၍ ကိုထွန်းနောင်လည်း မျက်နှာမကောင်း အတော်ရှက်နေပုံရသည်။ ကျွန်တော့်ကိုပင် လှည့်မကြည့်၊ သူ့မျက်နှာထား ခက်နေသည်။ ထို့ကြောင့်–

ကျွန်တော်က အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြီး–

"ကိုထွန်းနောင် အဲဒါ ချလိုက်ဦးဗျာ"

ဆိုမှ သူ မော့လိုက်ပြီး ကြက်သားကင်ကို တမြုံ့မြုံ့ဝါးရင်း တဖြည်းဖြည်း သူ့မျက်နှာ ပြန်၍ ကြည်လင်လာ၏။

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါနဲ့ ကျွန်တော် တွေးနေတာက ဆရာကြီးရွှေဥဒေါင်းရေးခဲ့တဲ့ စာတွေထဲမှာ 'ဒီလူက လူစုံပဲ' 'တော်တော် ဘဝစုံခဲ့တယ်' ဆိုတာမျိုးတွေ ပါတယ်နော်"

"ဟုတ်တယ်ဗျ၊ ဆရာကြီးက ဘဝစုံတာကို သဘောကျတယ်"

m.gyoe.com

mgyoe.com SAMPLE BOOK


"ဆရာတို့လို စာရေးဆရာတွေအဖို့တော့ ကောင်းတယ်ပေါ့ဗျာ၊ ဒါပေမဲ့လို့ ဒီလိုဘဝစုံပြီးတော့ မကောင်းတာထဲမှာ အဖတ်ဆယ်မရရင်တော့ ပျက်စီးရော။ အခုန ကျွန်တော့်ပထွေးလေးဆိုတာ အဲဒီလို ဘဝစုံရာက ဘယ်ဆွေမျိုးကမှ လက်မခံတော့တဲ့ သူတောင်းစား ဖြစ်သွားတာပေါ့ ဆရာ၊ ဆရာ နားထောင်မယ်ဆိုရင် ကျွန်တော် ပြောပြချင်ပါတယ်"

"ကျွန်တော် စာရေးဆရာပဲဗျာ၊ ဘဝအထွေထွေကို စူးစမ်းလေ့လာနေတာပဲ"

"ဒါပေမဲ့လို့ ဆရာ၊ သူ့အကြောင်းကတော့ အကောင်းမရှိပါဘူး၊ ဒီလူ လူကောင်းမှ မဟုတ်တာဘဲ၊ ဆရာ သူ့အကြောင်းတော့ ရေးချင်မယ် မဟုတ်ပါဘူး"

"ဘာလို့လဲ၊ ကျွန်တော့်အယူအဆက လူတော်လူကောင်းတွေ အကြောင်းရေးရင် စာဖတ်သူက အားကျရုံ၊ ချီးမွမ်းရုံပဲ၊ ဒီလို လူတော်လူကောင်း ဖြစ်အောင်လုပ်ဖို့က မလွယ်ဘူး၊ အဲ... လူဆိုးလူယုတ်မာအကြောင်းဆိုရင်တော့ ဒီလို လူဆိုး လူယုတ်မာမဖြစ်အောင် ဆင်ခြင်ဖို့ အသိတရား ရနိုင်တယ်"

"အား... ဒီလိုဆိုရင် ကျွန်တော် ပြောပြမယ်၊ ဆရာ ရေးသင့်တယ်ထင်ရင် ရေးပေါ့နော်"

ယင်းသို့ဖြင့် ကိုထွန်းနောင် ပြောပြသည်မှာ–

* * *

ကျွန်တော့်ပထွေးလေးဆိုသည်မှာ ကျွန်တော့် ထွေး(ဒွေး)လေး၏ ယောကျ်ားကို ခေါ်ပါသည်။ ကျွန်တော့်ထွေးလေးဆိုသည်မှာ ကျွန်တော့် အမေ၏ညီမ ဖြစ်ပါသည်။ သို့သော် ဤထွေးလေးနှင့် ကျွန်တော်၏အမေမှာ တစ်မိတည်းပေါက် မဟုတ်ပါ။ ဖအေတူ မအေကွဲ ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော့် အမေ၏မိခင် ကွယ်လွန်သောအခါ၌ ကျွန်တော့်ဘကြီးသည် အခြားတစ်ရပ်မှာသွားပြီး အိမ်ထောင်ပြုပါသည်။ ဤနောက် အိမ်ထောင်မှ သမီးချည်းလေးယောက်မွေးရာ ယခုဖော်ပြမည့် ထွေးလေးက အငယ်ဆုံး အချောဆုံး ဖြစ်ပါသည်။ ကျွန်တော် အမှတ်သညာထားတတ်သောအရွယ်၌

mgyoe.com

mgyoe.com  SAMPLE BOOK 

ဤထွေးလေးက အိမ်ထောင်ကျနေပါပြီ။ ထွေးလေးခင်ပွန်းက ယခု သူ့အကြောင်း ဖော်ပြတော့မည့် ကျွန်တော့်ပထွေးလေးပေါ့။ နာမည်က ကိုထွန်းပေါ် ခေါ်ပါသည်။

ကျွန်တော့်ပထွေးလေး ထွန်းပေါ်သည် အရုပ်အမောင်း ကောင်းပါသည်။ မျက်နှာသွယ်သွယ်၊ မေးရိုးကားကား၊ မေးစေ့ရှည်ရှည်နှင့် လူချောလူလှမဟုတ်သော်လည်း ဥပမိရုပ်ကောင်းပါသည်။ သို့သော် သူ့မျက်လုံးက (ကျွန်တော် ကြီးမှသိသည်) ဆင်မျက်စိနှင့်တူ၍ ကောက်ကျစ်စဉ်းလဲသောသဘောရှိမည်ကို ကျွန်တော် ငယ်စဉ်က မသိခဲ့ပါ။ နွေရာသီ ဖရဲသီးပေါ်ချိန်တွင် ဖရဲသီးလှည်းတစ်စီးနှင့် ကျွန်တော်တို့အိမ်သို့ အချိန်မှန်မှန် တစ်နွေလျှင် နှစ်ခေါက်သုံးခေါက် လာရောက်လေ့ရှိသော ကျွန်တော့်ထွေးလေးနှင့် ကျွန်တော့်ပထွေးလေးကို ကျွန်တော် ချစ်လှပါသည်။ သူတို့ကို ကျွန်တော် ပထမဦးဆုံး အကြိမ်တွေ့ရတော့ ကျွန်တော်က ၈ နှစ်သား၊ သူတို့လင်မယားက နှစ်ဆယ်ကျော် အစိတ်မျှ။

သူတို့ရွာနှင့် ကျွန်တော်တို့ရွာက နေ့ဝက်ခရီး၊ ဖရဲသီးလှည်းကို မိုးမလင်းမီ မနက် ၄ နာရီခန့်က မောင်းလာခဲ့ကြရာ ကျွန်တော်တို့ရွာသို့ မနက်ထမင်းမစားမီ ရောက်လာပါသည်။ ဒီအခါမှာ ကျွန်တော်က ဖရဲသီးတွေ ဗိုက်ပြဲအောင် စားရတော့မည်မို့ တဆွေ့ဆွေ့ ခုန်နေပါသည်။ ပထွေးလေး လှည်းမဖြုတ်မီ လှည်းပေါ်တက်၍ ထွေးလေးကို ဖက်ထားလိုက်ပါသည်။ ထို့အပြင်လည်း ကျွန်တော်တို့အိမ်က ဧည့်သည်ရောက်လျှင် ဟင်းကောင်းချက်တတ်သည်မို့လည်း ဝမ်းသာရပါသည်။ သို့သော် ကျွန်တော်တို့ရွာမှာ မနက်ခင်းသာ သားငါးသည်လာတတ်၍ အခြားအချိန်၌ ဟင်းကျွေးဝယ်ရန် ဈေးမရှိသဖြင့် ကျွန်တော်က–

"အဖေရေ… ပထွေးလေးတို့ လာပြီဗျ၊ မနက်က ဝက်သားဝယ်ပါဆိုတာလည်း မဝယ်ကြဘူး၊ အခု ကျွန်တော်တို့ ကြက်ဖမောက်စောင်းလေးဆော်လိုက်တော့မနော်"

လူကြီး ငရဲကြီးမှာစိုး၍ အဖေက ဘာမျှပြန်မပြောရမီ ကျွန်တော်သည် ခွလေးကိုဆွဲ၍ ကြက်တွေရှိရာ ကောက်ရိုးပုံဆီသို့ သုတ်ခြေတင်ခဲ့တော့သည်။

ကျွန်တော့်အဖေမှာ တစ်ကောင်ကြွက်။ ညီအစ်ကိုမောင်နှမရင်းချာ

mgyoe.com

mgyoe.com SAMPLE BOOK


မရှိသည်မို့ ဒီမယားညီအစ်ကိုနှင့် ခယ်မတွေကို ချစ်ရှာပါသည်။ ထွေးလေးနှင့် ပထွေးလေးတို့သည် ကျွန်တော်တို့ရွာသို့ ဖရဲသီးရောင်းရအောင် လာကြခြင်း ဖြစ်ပေရာ အချို့ရွာသားများက လက်ငင်းမတတ်နိုင်၍ အကြွေးဝယ်သည်ကို ကျွန်တော့်မိဘများက သူတို့လုံးခနဲ တစ်ခါတည်း ရသွားအောင် စိုက်ပေးလေ့ ရှိပါသည်။

**ပထွေးလေးတို့ရွာ**

ကျွန်တော် ၁၀ နှစ်သားအရွယ်တွင် ပထမဦးဆုံးအကြိမ် ကိုယ့်အိမ်နှင့် အဝေးဆုံးသောဌာနကို ရောက်ခဲ့ဖူးခြင်းဖြစ်ပါသည်။ အကြောင်းမှာ ပထွေးလေးတို့ရွာသည် ကျွန်တော်တို့ရွာနှင့် ၁၂ မိုင်မျှ ဝေးပါသည်။ ခါတိုင်းဆိုလျှင် ကျွန်တော်သည် ၄–၅–၆ မိုင်ဝေးသော အရပ်တွေလောက်သာ ရောက်ဖူးသေး၏။ ထိုနှစ်တော့ ကျွန်တော်ကလည်း ပထွေးလေး၊ ထွေးလေးတို့ရွာ လိုက်ချင်၏။ ပထွေးလေး၊ ထွေးလေးကလည်း ခေါ်ချင်၏။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ချိန်၌ အဖေနှင့်အမေက ထည့်လိုက်ခြင်းဖြစ်၏။

လမ်းတွင် ပထွေးလေးက ကျွန်တော့်အား လှည်းမောင်းခွင့်ပေး၍ ဝမ်းသာလှ၏။ အမှန်ကိုဆိုသော် ဒီလှည်းလမ်း သွားနေကျနွားသည် လှည်းချင်းတွေ့၍ ရှောင်ရန်မှတစ်ပါး နွားကြိုးကိုင်စရာမလိုပေ။ သို့သော် ကျွန်တော့်မှာ ဒီလိုခရီးရှည်ကြီးတွင် နွားကြိုးနှင့် ကြိမ်လုံးကိုင်ရသည်ကို အဟုတ်ကြီး ထင်နေ၏။

ကျွန်တော်တို့ရွာမှ မွန်းလွဲနာရီပြန် တစ်ချက်လောက်ထွက်ခဲ့ရာ ပထွေးလေးတို့အိမ်သို့ ည ၇ နာရီလောက် မှောင်မှရောက်၏။ ကျွန်တော့်မိခင်သည် ရွာ၌ ကုန်စုံဆိုင်ဖွင့်ကာ ငါးပိများလည်း သိုလှောင်ရောင်းချသဖြင့် ထွေးလေးတို့အပြန်တွင် သူတို့ရွာမှာရောင်းရန် ပုစွန်ငါးပိတစ်ပုံး ပေးလိုက်၏။

"ထွန်းပေါ်နဲ့ မြခက်တို့ သူတို့အစ်မဆီက ငါးပိယူလာမယ်ပြောသွားတာ ပါလာသတဲ့ဟေ့" ဟူသောသတင်း ပျံ့နှံ့သွားသည်၌ ညမှောင်မှောင်မှာပင် မိန်းမသူတွေ မီးခွက်တွေကိုင်ကာ အလျှိုလျှို ရောက်လာကြပြီး ငါးပိကို အစိမ်းစားကြည့်ကြသည်။ ထွေးလေးက တစ်အိုးကျိုခိုင်းပြီး ထမင်းကြမ်းနှင့် နယ်စားကြည့်ကြသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒီတော့ ဟင်းကောင်း အလွန်ကြိုက်သော ကျွန်တော့်စိတ်ထဲ–

"ဟယ်... သောက်ကျိုးနည်းရော၊ ငါးပိတောင် ဒီလောက် သဲသဲမဲမဲ ဖြစ်နေကြတာ ဒီရွာသားတွေ သည့်ပြင် ဟင်းစားစရာ မရှိကြဘူးထင်ပါရဲ့၊ ခု ညစာတောင် ငါ့ ဒီငါးပိကျိုတာနဲ့ကျွေးရင် ဒုက္ခဟဲ့" လို့ စိတ်ထဲက တွက်မိ၏။ သို့သော် တော်ပါသေး၏။ သူ့တူကြီးအကြောင်းသိနေသော ပထွေးလေးက အိမ်အောက်ဆင်းသွားပြီး ဘဲတစ်ကောင်ဖမ်းသံကို ကြား လိုက်ရ၏။

စင်စစ်တော့ သူတို့ရွာသည် အမဲသားငါး ရှားပါးသည်မဟုတ်ချေ။ သူတို့ရွာသည် ချောင်းကမ်းပါးတွင် တည်ရှိသဖြင့် ငါးပိ ငါးခြောက်များ လည်း ထွက်ပါ၏။ သို့သော် အောက်အရပ် ရေငန်ပိုင်းတွင်သာထွက်သော ပုစွန်ငါးပိ မရှိခြင်းကြောင့် မြခက် အစ်မဆီက မမြင်ရသေးတဲ့ ပုစွန်ငါးပိဟုဆို ၍ ယခုကဲ့သို့ မီးဖိုချောင်ရှင်မတွေ စုပြုံလာကြခြင်းဖြစ်၏။

ညမှောင်မှောင် ရောက်ခဲ့စဉ်က လမိုက်ရက်လည်းဖြစ်သဖြင့် ပတ် ဝန်းကျင်ကို ကျွန်တော် ဘာမျှ မမြင်ခဲ့ရ၊ နံနက်မိုးသောက် အလင်းရောက် တော့မှ "ပထွေးလေးတို့ အိမ်ခြံဝင်းကြီးက အကျယ်ကြီးပဲ၊ နှစ်ကွေ့လောက် ရှိတယ်၊ သည်အထဲ ဖရဲသီးစိုက်ထားတယ်၊ ခြံအလယ်မှာ ရေတွင်းလည်းရှိ တယ်၊ ဒီရေတွင်းနံဘေးမှာ ထန်း၊ ညောင်ကပ်ပင်၊ ဒီထန်းပင်ကို ပထွေးလေး အဖေ ဘကြီးထူးက ထန်းရည်တက်တယ်၊ အဘိုးကြီးက အသက် ၆၀ ကျော်နေပေမဲ့ ထန်းပင်တက်နိုင်တုန်း၊ ထန်းရည်လည်း အလွန်ကြိုက်၊ မနက် သူ့ထန်းပင်ပေါ်ကချပြီး ကျွန်တော့်ကိုလည်း တိုက်တယ်၊ ကျွန်တော်တို့ ကျေးရွာသားတွေဟာ ထန်းရည်တော့ မိန်းမတွေလည်း သောက်ကြတာပဲ၊ ချိုးသိပ်မခံတဲ့ ချိုလေးလေးကို ရဟန်းကြီးကြိုက်ဆိုပြီး ဘုန်းကြီးတောင် နှက်ချင်လည်း နှက်တာပဲ"

ပထွေးလေးတို့ရွာသည် ချောင်းကမ်းပါးတွင်တည်ရှိ၍ သူတို့လယ် ယာများသည် မြေဩဇာကောင်းသဖြင့် ဖရဲနှင့်ပဲများ စိုက်ကြသည်။ မိုးရာသီ မှာ ချောင်းထဲ ပိုက်ဆွဲကြသည်။ ကျွန်တော့်ပထွေးလေးအလုပ်သည် ဖရဲစိုက် ခြင်းနှင့် ပိုက်ဆွဲခြင်းဖြစ်သည်။ ပိုက်ဆွဲခြင်းသည် အလွန်ပင်ပန်းလှသော် လည်း ငါးရလျှင် ချက်ချင်းငွေဖြစ်သဖြင့် အားရစရာကောင်းသည်။ ပဲ၊

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ဖရဲတို့ကား စိုက်ပျိုးပြီး တစ်ရာသီစောင့်မှ ငွေဖြစ်သည်။

စင်စစ်အားဖြင့် ဤအလုပ်နှစ်မျိုးရှိနေ၍ ပထွေးလေးတို့သည် ဆင်းရဲရန် မသင့်ချေ။ သို့သော် ပထွေးလေးသည် ဖဲရိုက်သည်၊ ကြက်တိုက်သည်။

**တောင်ဆက်**

တစ်ကြိမ်သောအခါ ပထွေးလေးမှာ ကြက်ကောင်းကြက်တစ်ကောင် ရသည်။ သူတို့အရပ်ပတ်ဝန်းကျင်မှာ တော်တော် နာမည်ကြီးသွားသည်။ သုံးနှစ်လောက် ဤကြက်ကို တိုက်ခဲ့ရသည်။ တိုက်ကြက်တစ်ကောင် သုံးနှစ် သုံးရသည်မှာ အလွန်ကောင်းသော ကြက်မို့ပင်။ တစ်နှစ်တစ်နှစ်လျှင် ၆ ပွဲ ၇ ပွဲ တိုက်ရသည်။ တိုက်တိုင်းနိုင်သည်။ တိုက်ပွဲကများသော့ အတောင်များ ကျိုး၍ အတောင်ကိုဆက်တိုက်ရသဖြင့် သူ့အမည် 'တောင်ဆက်' ဟုခေါ် သည်။ (ဤကြက်အကြောင်းကို ယခုတိုင် သူတို့နယ်က ကြက်သမားတွေ ပြောကြသေးသည်)။

အဲသည်တုန်းက ဒီတောင်ဆက်မျိုးကို လိုချင်ကြတဲ့ ကြက်သမားတွေ မွမွကြဲလို့ပေါ့။ ကြက်မတိုက်ရသော မိုးရာသီ ကြက်နားချိန်မှာ သားဖောက်ဖို့ ကြက်မများ လာထားကြသည်။ မနိုင်ရင်ကာလူချင်းမို့ ပထွေးလေးက မငြင်း သော်လည်း တောင်ဆက်မျိုးအစစ်ကိုတော့ အခြားသို့မပြန့်စိမ့်ငှာ ပထွေး လေးသည် မျိုးမစစ်သော ကြက်မများ၏ ဥနှင့်လဲထည့်သည်။

အဲသည် တောင်ဆက်ခေတ်ကောင်းချိန်မှာ ကျွန်တော်တို့လည်း အတော်စားသာခဲ့ပါ၏။ အသို့ဟူမူ နွေရာသီကျောင်းပိတ်ချိန်တိုင်း ပထွေး လေးတို့အိမ်သို့ သွားရောက်နေပေရာ ဤအိမ်မှာ ကျွန်တော့်ထက် တစ်နှစ်ကြီး သော ပထွေးလေးအစ်ကို၏သား ဖိုးကျော့လည်းရှိသည်။ အချို့ ကြက်သမား တို့သည် ဒီကလေးနှစ်ယောက်အား ချော့မော့၍ တောင်ဆက်နှင့်ဖောက်ထား သော ကြက်ဥများကို ခိုးပေးစေသည်။ သူတို့က ကြက်ဥအစားပေးသည့် အပြင် ပိုက်ဆံတစ်မတ်လည်း ပေး၏။ ဒီနည်းမျိုးကို ပထွေးလေးက လူလည် ပဲ၊ မသိမဟုတ်၊ ထို့ကြောင့် ကျွန်တော်တို့အား သင်ထား၏။ သူတို့ လိုချင် တိုင်းသာ ခိုးပေးကွ၊ ဒါပေမဲ့ ပေးရမယ့် ကြက်ဥကတော့ ဘယ်ကျင်း... ဘယ်ကျင်းဟု ပြထား၏။ မျိုးမစစ်သော ဟင်းစားကြက်မတို့၏ ဥကျင်း

mgyoe.com

mgyoe.com  SAMPLE BOOK 

များ။ ထို့ကြောင့် ကျွန်တော်တို့မှာ ကြက်ဥချင်းလဲရုံနှင့် တစ်လုံးလျှင် ပိုက်ဆံ တစ်မတ် အလကားရနေ၏။ အဲသည့်ခေတ်က ဟင်းစားကြက်ဥဟာ တစ်လုံးမှ နှစ်ပြားပါ။

ထိုကြက်တောင်ဆက် အကျိုးပေးသော နှစ်များ၌ ပထွေးလေးမှာ တော်တော်ပဲ ငွေတွေရပါ၏။ သို့သော် ပထွေးလေးသည် ကြက်တိုက်ရုံမက ဖဲပါရိုက်သဖြင့် ဖဲရှုံးကုန်၏။

**သေကံမရောက်**

တစ်ကြိမ်သောအခါ၌ ပထွေးလေးသည် သူတို့ရွာနှင့် ၆ မိုင်ခန့်ဝေးသော ရွာတစ်ရွာသို့ ဖဲရိုက်သွားရာ ကျွန်တော့်အား ခေါ်သွား၏။ အင်္ဂလိပ်ခေတ်၌ ထိုအရပ်သည် လူဆိုးသူဆိုးနှင့် သတ်မှုဖြတ်မှုများခြင်းဖြင့် နာမည်ကြီးလှသည်။ လူသတ်မှုဖြစ်သော်လည်း သက်သေရဖို့က ခဲယဉ်းလှသည်။ အမှုတစ်ခု ရုံးရောက်လျှင် ကွင်းဆက်လူသတ်မှုတွေ ဖြစ်တတ်သည်။ သက်သေလိုက်မည့်လူကိုပါ သုတ်သင်သည်။

ထိုတစ်နေ့ခင်း အိမ်တစ်အိမ်မှာ ပထွေးလေးတို့ ဖဲရိုက်ကြရာ ဒီတုန်းက ကျွန်တော် ၁၁ နှစ်သားမျှရှိသေး၍ ဘာအကြောင်းကြောင့်ရယ် မမှတ်မိတော့။ ပထွေးလေးနှင့် လူတစ်ယောက် စကားများကြရာ ပထွေးလေးကလည်း ဓားမြှောင်ကိုဆွဲထုတ်၊ ဟိုလူကလည်း ဓားမြှောင်ကိုဆွဲထုတ်၊ သူတို့ဖဲသမားများမှာ လူတိုင်းခါးတွင် ဓားမြှောင်ရှိကြသည်။

ထိုအခါ အိမ်ရှင်ဒိုင်လုပ်သူက သူ့အိမ်ပေါ်၌ မသတ်ပုတ်ကြရန်၊ မင်းတို့ချင်း မကျေနပ်၍ ရှင်းချင်ကြသည်ဆိုလျှင် တို့အရပ်ထုံးစံအတိုင်း လုပ်ကြလကွာဟု ပြောသည်။

သူတို့အရပ် ထုံးစံဆိုသည်ကို ပထွေးလေးအား နောက်မှမေးကြည့်၍ သိရသည်မှာ သူတို့ရွာ အနောက်ဘက် မိုင်ဝက်အကွာ၌ ပေ ၂၀ ကျော်နက်၍ ပေ အစိတ်လောက်ကျယ်သော ချောင်းငယ်တစ်ခုရှိသည်။ ဒီရာသီမှာ ရေခန်းခြောက်နေသည်။ သည်ချောင်းထဲမှာ ရန်သူနှစ်ယောက် ရင်ဆိုင်တွေ့ကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် သွားခါနီး၌ အဲဟိုလူက ကြက်ဝိုင်း ဖဲဝိုင်းများ၌

mgyoe.com

mgyoe.com SAMPLE BOOK


နတ်နေ လက်နေ ရွေးလေ့ရှိသည့်အတိုင်း ခေါင်းပန်းမြှောက်ဦးမလား မေးသည်။ ပထွေးလေးက မလိုပါဘူး၊ မင်းကြိုက်ရာဘက်သွားဟု ပြောလိုက်၍ ထိုလူက ရွာတောင်ဘက်က ထွက်သွားသည်။ ပထွေးလေးက ရွာမြောက်ဘက်မှ ထွက်သွားသည်။

ကျန်လူများသည် မတော်တဆ အမှုဖြစ်ခဲ့သော် သက်သေမပါလို၍ ဘယ်သူမှ လိုက်မသွားကြချေ။ သူတို့ဘာသာသူတို့ ဖဲပဲ ဆက်ကစားနေကြ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ယောက် သေကြတော့မည်။ သို့မဟုတ် ဓားဒဏ်ရာတော့ ရကြတော့မည်ဖြစ်၍ ကျွန်တော့်ပထွေးလေး အရေးရှုံးနိမ့်ခဲ့သော် ကျွန်တော် ဘယ်သို့ ပြန်ပါမည်နည်း၊ ဘယ်သူက လိုက်ပို့ပါမည်နည်း။ ညနေလည်းစောင်း မှောင်ခါလည်း နီးနေပြီ။

စင်စစ်ကား ကျွန်တော် ပြန်ဖို့တွေးနေသည်မှာ ကျွန်တော် ငယ်ရွယ်သေး၍ ဉာဏ်မမီသေး၍သာ၊ အမှန်ကိုဆိုရသော် ပထွေးလေးသေလျှင် ဒီလူသတ်မှု လမ်းစပျောက်ရန် ဒီရွာသားတွေက ကျွန်တော့်အား အဘယ်လျှင် ပြန်လွှတ်ပါတော့အံ့နည်း။

နောင် ကျွန်တော်ကြီးတော့မှ ပြန်စဉ်းစား၍ ကြက်သီးထမိ၏။ ထိုစဉ်ကတော့ ဤအထိ မတွေးမိ၊ ငါ့ပထွေးလေး နိုင်ပါစေဟုသာ ဆုတောင်းခဲ့၏။ ကျွန်တော့်ဆုတောင်းပြည့်၍ ကျွန်တော် သေကံမရောက်ခဲ့။

ပထွေးလေးသည် ဓားကိုင်ကျွမ်းကျင်၏။ အထိုးအခုတ် လေ့ကျင့်ထား၏၊ ဓားမြှောင်တစ်ချောင်းကို ရှေ့တည့်တည့်ထိုးရန်လည်းကောင်း၊ နောက်ပြန်တွက်ရန်လည်းကောင်း၊ လက်တစ်ဖက်တည်းတွင် ကျင်လည်စွာ ပြောင်းရွှေ့နိုင်၏။ သူ့မှာ ဓားမြှောင်ကြီးငယ် အမျိုးမျိုးရှိ၏။ အသွားချည်း တစ်ထွာသာသာရှည်သော ဝါဝါဝင်းဝင်း ကြေးဓားမြှောင်ကြီးလည်းရှိ၏။ သည်ကြေးဓားမြှောင်က သံဓားမြှောင်ထက် ကောင်းသလားမေးကြည့်တော့ ပထွေးလေးက 'တချို့ ဓားပြီးတဲ့လူတွေရှိတယ်ကွ၊ ဒါပေမဲ့ သူတို့ဟာ သံဓားတော့ ပြီးပြီးတော့ ကြေးကျတော့ မပြီးဘူး' ဟု ပြော၏။

**ကိုထွန်းပေါ်တို့ ဌာနေပြောင်းခြင်း**

အထက်ဖော်ပြပါ လူသတ်၍မှ အမှုမဖြစ်ဘူးဆိုသောအရပ်သည်

mgyoe.com

mgyoe.com SAMPLE BOOK


ပထွေးလေးတို့ရွာ၏ အနောက်ဘက်တွင်ဖြစ်၍ ၃ မိုင်မျှဝေးသော ပထွေးလေးတို့ရွာ၏ အရှေ့ဘက်တွင်မူ တောမြို့ငယ်ကလေးတစ်ခုရှိ၏။ ထိုမြို့ကလေးမှာ ဂါတ်တဲရှိ၏၊ ဈေးရှိ၏၊ အခြားမြို့ကြီးနှင့် ကူးသန်းသော ခရီးသည်တင် မော်တော်ကားရှိ၏၊ မြင်းရထားရှိ၏၊ စာတိုက်ပုံးရှိ၏၊ တစ်ပတ်လျှင် နှစ်ကြိမ် စာပို့သမားလာ၏၊ ထိုစဉ်က လျှပ်စစ်မီး မရှိသေး။

ပထွေးလေးသည် အနောက်ကွင်းသို့ဆင်းလျှင် ဓားမြှောင်နှင့်ဖြစ်သော်လည်း အရှေ့ဘက်က ဤမြို့ငယ်သို့သွားလျှင် သူတို့ခြံမှထွက်သော ဟင်းသီးဟင်းရွက်တွေ လက်ဆောင်ပြုလျက် ကြေးရတတ်တွေ အိမ်များသို့ ယဉ်ကျေးဖွယ်ရာသွားတတ်၏။ ထိုကြေးရတတ်တို့မှာ ပထွေးလေးတို့အလုပ်နှင့် ဆက်သွယ်သော ပဲကုန်သည်၊ ဖရဲကုန်သည်၊ ငါးပိငါးခြောက် ကုန်သည်တို့ ဖြစ်လေ၏။

ပထွေးလေးသည် ထိုလူတန်းစားကို ဖားတတ်သည်။ ဟာသဉာဏ်လည်းရှိ၍ ရယ်စရာမောစရာလည်း ပြောတတ်သဖြင့် လူချစ်လူခင်များသည်။ ဥပမာ သူသွားမည့်အိမ်မှ သမီးငယ် မြီးကောင်ပေါက်မလေးက–

"ဦးလေးထွန်းပေါ် ယူလာတဲ့ ရွှေဖရုံသီးက စေးရဲ့လား"ဆိုလျှင်–

"ငါ့ဖရုံသီးက စေးရုံမကဘူးဟေ့၊ သူ့ကိုစားရင် အိုသောသူများကို နုပျိုစေတယ်၊ ပျိုသောသူကို လှပစေတယ်၊ ဒါကြောင့် နင်စားဖို့ ငါယူခဲ့တာ သိလား"

ထိုအခါ အပျိုပေါက်မလေးက နှုတ်ခမ်းစူ၍–

"အောင်မာ... ကျွန်မက နဂိုက မလှလို့လားရှင့်"ဟု ဆိုအံ့။

"လှပါတယ် လှလေမှ သိပ်လှ၊ အဲဒီ သိပ်လှတာကို အလွန်လှဖြစ်သွားအောင် ငါကပြောတာ"

"ဟွန်း... ဦးလေးထွန်းပေါ်ကြီး၊ အားကြီး စကားတတ်တယ်"

ယင်းအခိုက် ဤသူငယ်မလေး၏ဖခင်ကြီး အိမ်ထောင်ရှင်မသည် ကလေးပိုက်ပြီး ထွက်လာသည်၌ ပထွေးလေးက–

"အမယ်လေး.... ကြင်မြရေ၊ တစ်သားမွေး တစ်သွေးလှဆိုတာ ရှေးလူကြီးတွေက နင့်အတွက် ပြောခဲ့တာပါလားဟ၊ ဘုရားစူး... ဘုရားစူး၊ တကယ်ပဲ... တကယ်ပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့လျှင် မိန်းမငယ် မိန်းမရွယ်တို့အကြိုက်ကို ပြောတတ်သည့် နည်းတူ ကြင်မြတို့အမေနှင့်တွေ့သောအခါလည်း–

"ဒေါ်ဒေါ် အလှူကြီးအတန်းကြီးလုပ်ဖို့များ စိတ်ကူးနေသလားမသိဘူး၊ ကျွန်တော် အိပ်မက်တာလေ ဒေါ်ဒေါ့်အလှူမှာ ထမင်းရည်ချောင်းစီးပဲ၊ ဝက်သားဟင်းမှ ဘီးဆံပတ်တုံးကြီးတွေနဲ့ ကျွန်တော်ဖြင့် သွားဖုံးမြုပ်ကိုက် ကိုက်တုတ်လိုက်တာ"

သည်တော့ အဒေါ်ကြီးလည်း အဘယ်လျှင် သဘောမကျဘဲ ရှိအံ့နည်း။

"မောင်ထွန်းပေါ်အိပ်မက်တော့ ငါ ကြိုက်သဟေ့၊ မင်းပြောသလို ငါ လှူနိုင်ပါစေကွယ်၊ ဒီနေ့လည်း အဆင်သင့်ပဲ၊ ငါတို့အိမ် ဝက်သားချက်ထားတာနဲ့ မင်း ဒီမှာ စားသွားနော်၊ ဒါနဲ့ မောင်ထွန်းပေါ် မင်းအလုပ်က"

ပထွေးလေး၏ မွဲခြောက်နေသော အသားအရေကိုကြည့်၍ ကရုဏာသက်စွာနှင့်–

"မင်းအလုပ်က မိုးတွင်းမှာ ပိုက်ဆွဲရတယ်၊ ဖရဲစိုက်ရတယ်၊ အခု နွေရာသီ ဖရဲတုံးတော့ ဘာအလုပ်ရှိသေးသလဲ"

"ဘာမှမရှိတော့ဘူး ဒေါ်ဒေါ်"

ဤတွင် အနီး၌ ကလေးနို့တိုက်နေသော ကြင်မြက–

"မညာပါနဲ့ ကိုထွန်းပေါ်ကြီးရယ်၊ ကြက်တိုက် ဖဲရိုက်ပြီး ထန်းရည် လျှောက်သောက်နေရသေးတယ်မဟုတ်လား"

ထိုအခါ ပထွေးလေးက မျက်နှာသေလေးနှင့်–

"အေး... ငါ မညာပါဘူး ကြင်မြရယ်၊ နင်ပြောတာ ဟုတ်ပါတယ်၊ တို့တောသားတွေမှာ လယ်ထဲချောင်းထဲ လုပ်စရာမရှိရင် အဲဒါတွေပဲ ရှိတော့တာပဲဟာ၊ နင်တို့လိုလည်း မြို့ပေါ်သွားပြီး ရုပ်ရှင်တွေ၊ ပွဲတွေ ကြည့်နိုင်တာ မဟုတ်ဘူး"

ဤတွင် ကြင်မြအမေကြီးက–

"မောင်ထွန်းပေါ် နွေရာသီ အားတဲ့အချိန်မှာ အဲဒီ မကောင်းတာတွေ လုပ်နေမယ့်အစား ငါတို့အိမ်မှာလာနေပြီးတော့ စက်ချုပ်သင်ပါလားကွ၊ စက်ချုပ်တတ်တယ်ဆိုရင် မြို့တက်နေနိုင်တယ်၊ တောမှာလို ပင်ပင်ပန်းပန်း

mgyoe.com

mgyoe.com

လုပ်ပြီး မစားရဘူး၊ ထမင်းတစ်လုတ်ကို သက်သက်သာသာနဲ့ စားနိုင်တယ်၊ နောက် ကြီးပွားလမ်းလည်း ရှိနိုင်တယ်”

ထိုအဒေါ်ကြီးအိမ်ကား ကုန်စုံလည်းရောင်းသည်၊ အထည်ဆိုင်နှင့် အပ်ချုပ်စက်များလည်း ရှိသည်။

ယင်းမှာ ၃ နှစ်မျှ ကြာသောအခါတွင် ပထွေးလေးတို့ လင်မယားသည် သူတို့ဇာတိရွာမှ ထိုတောမြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့ကာ ပထွေးလေးက ယောကျ်ားအင်္ကျီများ ချုပ်၍ ထွေးလေးက မိန်းမဝတ်ထည်များကို ကိုင်သည်။

သူတို့ အသားအရေများလည်း တောမှာတုန်းကလို မွဲခြောက်ခြောက် မဟုတ်တော့။ ကျွန်တော့်ထွေးလေးမျက်နှာမှာ ဟိုတုန်းကလို ချွေးထွက်သံယို တစိုစိုမဖြစ်တော့ဘဲ သနပ်ခါးပေါင်ဒါနှင့် ဖြစ်လာသည်။ ရွာမှာတုန်းက ခေါင်းတုံးနှင့် ပုဆိုးစုတ် ခေါင်းပေါင်းထားရသော ပထွေးလေး၏ ဦးခေါင်းမှာလည်း ဗိုလ်ကေနှင့် ဖြစ်လာသည်။

**အဆင့်အတန်းမြင့်လာခြင်း**

ထိုမှ နှစ်နှစ်၊ သုံးနှစ်ကြာသောအခါမူ အိမ်တွင် ပထွေးလေးသည် ထိုင်၍ စက်ချုပ်သောအလုပ်ကို မလုပ်တော့ဘဲ ရန်ကုန်မြို့ စင်းကားစက် ကုမ္ပဏီနှင့် ဆက်သွယ်မိကာ စင်းကားစက် ကိုယ်စားလှယ်ဖြစ်လာသည်။ ကြို့ပင်ကောက်၊ ဓနိကုန်း၊ နတ်တလင်း၊ ပေါင်းတည်မြို့တို့မှ စပါးပွဲစား၊ ပဲပွဲစား ဖြစ်လာသည်။

ထိုအခါ၌ သူသည် ကျွန်တော်တို့အိမ်သို့လာလျှင် ယခင်တုန်းကလို ဖရဲသီးလှည်းနှင့်မဟုတ်တော့ဘဲ ဘောင်းဘီရှည်ဝတ်ကာ ဖောင်းဝတ်မြင်းကြီးကို စီးလျက်ဖြစ်လာသည်။ သူသည် တောရွာများသို့ စပါးဝယ်၊ ပဲဝယ်သွားလျှင် ဤမြင်းနှင့်မှ ခရီးတွင်သည်။ ခြေကျင် သို့မဟုတ် လှည်းကြုံလိုက်ရသော အခြားပွဲစားတွေထက် ဟိတ်ဟန် အဆင့်အတန်း မြင့်လာသည်။

မြို့ပေါ်ရှိ စက်ပိုင်ရှင်များနှင့် ပဲကုန်သည် ဘာဘူကုလားတို့သည် ပွဲစားကြီး ဦးထွန်းပေါ်ကို ကောင်းကောင်းကြီး သိကြလေပြီ။ ထိုအချိန်၌ ကျွန်တော် မောင်ထွန်းနောင်လည်း လူပျိုဖြစ်လာပြီမို့ ပထွေးလေးတို့နေသော

mgyoe.com

mgyoe.com SAMPLE BOOK


တောမြို့ကလေးကို ကျောင်းအားရက်များ၌ သွားရောက်လည်ပတ်သည်။ ဟိုယခင် ပထွေးလေးတို့၏ ချောင်းကမ်းပါး အိမ်ကလေးတွင် နံနက်စောစော ဆိုလျှင် ညက ကျန်သော ထမင်းကြမ်းခဲကို ငါးပိဖုတ်နှင့်သော်လည်းကောင်း၊ ထန်းလျက်ခဲနှင့်သော်လည်း ဟဲခဲ့ကြရာ ယခု သည်တောမြို့ကလေးမှာဆို တော့ ကျွန်တော်တို့ တူဝရီးသည် ကာကာဆိုင်၌ထိုင်ကြကာ–

"ဟေ့... ကာကာ၊ ကြာယီးဒိုးတိုး၊ မလိုင်ဂျာစကီးဟဲ"

ဟု မှာကြားပြီး နံပြားနှင့် ဆိတ်ခြေထောက်ပြုတ် သို့မဟုတ် ပေါင်မုန့် ယိုသုတ်၊ ထောပတ်သုတ်များ သုံးဆောင်ကြလေပြီ။

ပထွေးလေးတို့၏ ပထမ ရွာလေးအကြောင်း ပြန်စဉ်းစားမိ၏။ တစ်နေ့ ထမင်းနှစ်နပ်ကလွဲပြီး အခြား စားစရာက ရှားပါးလှပါဘိ။ သရေစာ သမောစာဆို၍ကား လက်ဖက်ရည်ကြမ်းနှင့် အမြည်းပါလှ ပဲကြီးလှော်၊ ထန်းလျက်ခဲသာတည်း။

အဲ... ကျွန်တော် တစ်ခု မမေ့နိုင်တာတော့ ရှိ၏။ ကိုပုနှင့် မစုတို့ လင်မယား။ သူတို့သည် ကောက်ရိတ်ချိန်၊ ပဲသိမ်းချိန်များ၌ မုန့်ဟင်းခါးလုပ်၍ ရောင်းလေ့ရှိကြသည်။ သူတို့ မုန့်ဟင်းခါးလုပ်ရသည်ကလည်း မလွယ်ကူပါ။ ပထမ ဆန်တွေကို အပုပ်စိမ်၊ ထို့နောက် အမှုန့်ဖြစ်အောင်ထောင်း၊ ထို့နောက် ချွဲပျစ်ဖြစ်အောင် လက်နှင့်နယ်၊ ပြီးတော့မှ ပွက်ပွက်ဆူနေတဲ့ ဒယ်အိုးထဲ အမျှင်ဖြစ်အောင် သံပြားအပေါက်ဖောက်၍ တပ်ထားသော အဝတ်ထုပ်နှင့် ညှစ်ညှစ်ချ။ ကိုပုမှာ လက်မောင်းကြွက်သားကြီးများ အမျှင်မျှင်ထလျက် ချွေးတလုံးလုံး။ သူ့သားလေးက ဆန်ခါနှင့် သဲ့၍ ရေအေးထဲထည့်။ အဲသည် အင်တုံထဲကမှ သမီးလေးတစ်ယောက်က အိမ်ပေါ်သို့ ဗန်းနှင့်သယ်၍ မုန့်ဟင်းအိုးကိုင်သော မစုက ပန်းကန်နှင့်ပြင် ဆင်ကာ လာရောက်စားသောက်ကြသော ရွှေညော့်သည်တို့အား ရောင်းချ၏။

သည်အချိန် သည်အခါတွင် သူတို့ရွာမှာ ကောက်ပဲသီးနှံ ရိတ်သိမ်း ချိန်မို့ ရွာသားတွေ ဆူဖြိုးကြကာ တစ်ရွာလုံးလိုလိုပင် တစ်နှစ်မှ တစ်ခါကြုံ ရတနာပုံလာ၍ ဆိုက်ကြသည်။

မုန့်ဟင်းခါးကျက်ချိန်မှာ ညနေစောင်းဖြစ်ရကား လယ်ယာထဲမှ အလုပ်သိမ်း၍ ချောင်းထဲတွင် ရေချိုးပြီး ကိုပု မစုတို့အိမ်သို့ တန်း၍လာကြ

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်။ ပြင်ပေးသော ပန်းကန်က ရေးခေတ် တောရွာ ထမင်းစားပန်းကန်ပြား ဧောက်နက်နက်ကြီးတွေ၊ တစ်ခါပြင်လျှင် မုန့်မှုန့်ဖတ်ချည်း အစိတ်သား လောက်ဝင်၏။ ဒါကို ဟင်းရည်အပြည့်ဆမ်းထည့်ပြီး တစ်ယောက်ကို နှစ်ပန်းကန် အနည်း၊ လေးငါးပန်းကန်အထိ စားကြသူများရှိသည်။ တစ်ထိုင်တည်းနှင့် စပါးတစ်ခွဲ တစ်တင်းဖိုး၊ တွတ်ကြသည့် ပွဲပေကိုး။

တစ်ခုသော နံနက်ခင်း၌ ကျွန်တော်တို့ တူဝရီးနှစ်ယောက်သည် ကာကာဆိုင်တွင် ထိုင်ကြရင်း ဤအကြောင်းကို ပြန်ပြောင်းပြောမိတော့ ပထွေးလေးက–

"တောရွာ လူဖြစ်ရတာများ အဲသည်လောက် လူဖြစ်ရှုံးတာကွ ထွန်းနောင်၊ မင်း အိမ်ထောင်ပြုရင်လေ မြို့သူရအောင်ယူ၊ မြို့မှာနေဖို့ ကြိုးစားကွ သိလား၊ ငါ့တူ ဖိုးကျော့လည်း မြို့ရောက်အောင် လုပ်ရဦးမယ်"

သို့သော် ပထွေးလေးတူ ဖိုးကျော့ကား မြို့သို့ မရောက်ခဲ့တော့ပေ။ အံဖြစ်ဆိုးနှင့် ကြုံရရှာ၏။

**ဓားစာခံ**

ပထွေးလေးမြို့ပေါ်တက်၍ ကောင်းစားနေသောအချိန်၌ ပထွေးလေး၏အမွေကို ဆက်ခံရသူမှာ ဖိုးကျော့။ ပဲစိုက်၊ ဖရဲစိုက်၊ ပိုက်ဆွဲ။

ဖိုးကျော့သည် အရပ်အမောင်း ပထွေးလေးလောက်မြင့်၍ သူက အသက်ငယ်သော်လည်း အလုပ်ကြမ်းဒဏ်ကြောင့် ရင့်ရော်ကာ သူ့အသက် ၂၀ ကျော်အရွယ်သည် ပထွေးလေး အသက် ၃၀ လောက်နှင့် သွားတူနေသည်။ ထို့ပြင် သူတို့တူဝရီးသည် မျက်နှာချင်းကလည်း တော်တော်ဆင်၏။

ဒါကြောင့် သူတို့အရပ်က တစ်ခုသော တောဘုရားပွဲ၌ ဇာတ်ကနေတုန်း ညဥ့်အချိန် ပွဲဈေးတန်းအနီးတွင် လူတစ်ယောက်က ဖိုးကျော့ ရှေ့ မျက်နှာချင်းဆိုင်လာရပ်ပြီး တင်းမာသောအသံဖြင့်–

"မင်း ထွန်းပေါ် မဟုတ်လားကွ"

ဟု မေး၏။ ထိုအချိန်မှာ ဖိုးကျော့သည် သူ့ဦးလေးကို ဂုဏ်ယူနေသည်ဖြစ်၍–

"အေး... ငါ ထွန်းပေါ်ဖြစ်တော့ မင်းက ဘာလုပ်ချင်သလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုပြီး သူ့ခါးတွင် အသင့်ပါလာသော ဓားမြှောင်ကို ထုတ်လိုက်၏။ သို့သော် ဖိုးကျော့သည် သူ့နောက်မှာ ရန်သူတစ်ယောက်ရှိသည်ကို သတိမမူမိသဖြင့် နောက်ကျောကို ဓားထိုးခံရပြီး ပွဲချင်းပြီး သေလေ၏။

ဤလူသတ်မှု သဲလွန်စကို ခြေရာကောက်ဖို့ သိသူကား ပထွေးလေးသာဖြစ်၏။ သို့သော် ပထွေးလေးသည် ဖဲဝိုင်းတွင် ရန်ဖြစ်ပြီး ချောင်းထဲမှာ သူ သတ်ပစ်ခဲ့သော လူဘက်က လက်စားချေမှုဖြစ်မှန်း သိနေသောကြောင့် ကွင်းဆက်ပေါ်လာမည်စိုးသဖြင့် နှုတ်ဆိတ်၍ နေလိုက်တော့၏။ ထိုအင်္ဂလိပ်ခေတ်က သည်အရပ်မျိုး လူသတ်မှုဖြစ်လျှင် ပုလိပ်ဘက်ကလည်း ဝတ်ကျေတမ်းကျေလောက်သာ ဆောင်ရွက်ကြလေသည်။

ဖိုးကျော့၏ အသုဘကိုသွားရတော့ ကျွန်တော့်မှာ ကြေကွဲဝမ်းနည်းလှသည်။ ဖိုးကျော့သည် ကျွန်တော့်ထက် တစ်နှစ်ကြီး၍ ကျွန်တော်က ၁၀ နှစ်၊ သူက ၁၁ နှစ်သားမှာ စတင်ပြီး ညီရင်းအစ်ကိုလို ချစ်ခင်ခဲ့ကြသည်။ ဖိုးကျော့သည် ကျွန်တော့်ကို ဒူးလေးပစ် သင်ပေးခဲ့သည်။

သူတို့ ဖရဲခင်းမှာ ဖရဲသီးပေါ်ချိန်တွင် ညဥ့်အချိန်မှာ လင့်စင်ပေါ်က ဒူးလေးနှင့်စောင့်ရသည်။ ဖရဲခင်းအလယ်မှာ ပေနှစ်ဆယ် အစိတ်မျှမြင့်သော လင့်စင်ကို ထိုးထားရသည်။ ကျွန်တော်တို့ လူငယ်နှစ်ယောက်သည် ညဥ့်အချိန်တွင် လင့်စင်ပေါ်တွင် ဖရဲခင်းစောင့်ရသည်ကို ပျော်လှသည်။ နေ့အချိန်တွင် ကောက်ရိုးတွေကို လူရုပ်ကြီးလုပ်၍ ဒူးလေးပစ်ခြင်းအတတ်ကို ဖိုးကျော့က ကျွန်တော့်အား သင်ပေးသည်။ ဒူးလေးပစ်တတ်လာတော့ ညမှာ တို့ဖရဲခင်းထဲ ဖရဲသီးသူခိုး လာပါစေဟု ဆုတောင်းမိတတ်သည်။ ဖရဲသီးသူခိုးလာလျှင် ဟောင်ပေးမယ့်ခွေးတစ်ကောင်ကလည်း ကျွန်တော်တို့ လင့်စင်ပေါ်မှာ ရှိနေပါသည်။ အိမ်က လူလာလျှင် သူက အမြီးနှန့်၍ သူစိမ်းမြင်လျှင် ဟောင်ပါသည်။ ဒီတော့ ကျွန်တော်တို့က–

"ဟေ့... ဘယ်သူလဲ"

မေး၍ ကိုယ့်ရွာသားအသိ ဖြစ်နေပါက ထိုသူက–

"ဟေ့... ဖိုးကျော့ရ ငါပါကွ"ဟု ပြန်ပြောရ၏။ ဖိုးကျော့နှင့် ကျွန်တော်မှာ တို့ဩဇာတိက္ကမ တယ်ရှိနေပါလားဟု ပျော်ကြသည်။

ဖိုးကျော့နှင့် ကျွန်တော်သည် "တို့ နောင် လူကြီးဖြစ်လာတော့လည်း

mgyoe.com

mgyoe.com SAMPLE BOOK


ဒီလိုပဲ ညီအစ်ကိုရင်းလို ချစ်ချစ်ခင်ခင် နေသွားကြမယ်”ဟု ပြောခဲ့ကြသည်။ သို့သော် ဖိုးကျော့သည် အသက် ၂၀ ကျော်မျှနှင့် သူ့ဦးလေး ဓားစာခံဖြစ်သွားရရှာသည်။ ဖိုးကျော့ကတော့ ဘာမျှ သိမသွားရှာပါ။ ကျွန်တော်မှုကား ထိုအချိန်တွင် အသက် ၂၀ လောက်ရှိနေပြီမို့ ကိုယ် ၁၂ နှစ်သားလောက်က ကြုံတွေ့ခဲ့သောအဖြစ်ကို သိတတ်ပြောတတ်နေပါပြီ။ သို့သော် ပထွေးလေးက တစ်စုံတစ်ရာ မဖွင့်ဟရန် ပိတ်ပင်ထားခဲ့၏။ ယခု ဤအကြောင်းကို ပြန်ပြောင်းတွေးလိုက်တော့ အဲသည်တုန်းကသာ ကျွန်တော် လမ်းစဖော်ပေးလိုက်မည်ဆိုလျှင် ဖိုးကျော့ကို သတ်သူလည်းပေါ်မည်၊ ကျုပ်တို့ ပထွေးလေးကြီးဟိုချောင်းကလေးထဲ သတ်မှုလည်းပေါ်မည်မို့ သူ ယခု သူတောင်းစားဘဝထိအောင် ပြုခဲ့သော မိုက်မဲမှုတွေလည်း ဖြစ်ပွားခဲ့လိမ့်မည်မဟုတ်ဟု နောင်တရမိပါ၏။

**ပထွေးလေး၏ စတင်ဖောက်ပြန်မှု**

သူ၏ ဖောက်ပြန်မှုအောင်မြင်ရေးအတွက် သူတစ်ပါးအား အပြစ်ရှာ၍ ညှဉ်းပန်းနှိပ်စက်ရမည်ဖြစ်ရကား ကျွန်တော့်ထွေးလေးအား အိမ်နီးပါးနားမိတ်ဆွေတစ်ယောက်နှင့် စွပ်စွဲပြီး ပြင်းထန်စွာ ရိုက်နှက်လေသည်။ ထွေးလေးသည် အထုပ်အပိုးနှင့် ကျွန်တော်တို့အိမ်ရောက်လာပြီး သူ့အစ်မ (ကျွန်တော့်အမေ)အား မျက်ရည်လည်ရွဲနှင့် ရှင်းပြပါသည်။ သူ စွပ်စွဲသည့်အတိုင်း မဟုတ်ကြောင်းလည်း ကျိန်ဆိုပါသည်။

ထွေးလေးနှင့် စွပ်စွဲခံရသူ ကိုဖိုးတင်ကို ကျွန်တော် သိပါသည်။ တစ်အိမ်ခြားက မြင်းလှည်းသမားဖြစ်ပါသည်။ ကိုဖိုးတင်သည် ရိုးသားသူဖြစ်ပါသည်။ ပထွေးလေးနှင့်ရော ထွေးလေးနှင့်ရော ခင်မင်၍ အိမ်ကို အချိန်မရွေး ဝင်ရောက်နေသူဖြစ်သည်။ ကျွန်တော်တို့စီးလျှင် သူ မြင်းလှည်းခမယူပါ။ ကိုဖိုးတင်သည် လူပျိုဖြစ်သည်။ ဒါကို အခွင့်ကောင်းယူ၍ ပထွေးလေး (သူတောင်းစားလောင်းလျာကြီး)က အကွက်ဆင်လိုက်ခြင်းဖြစ်သည်။

နောက်များမကြာမီပင် သူသည် နတ်တလင်းမြို့ပေါ်က ဈေးသည်မတစ်ယောက်နှင့်ညားကြောင်း ကျွန်တော် သိရသည်။ သည်တော့ ကျွန်တော်တို့ ဆွေမျိုးသားချင်းအနေအားဖြင့် သင်းကို တစ်သက် အပြတ်ပေါ့။ သို့သော်

mgyoe.com

mgyoe.com SAMPLE BOOK


လူရည်လည် ကိုထွန်းပေါ်ကတော့ ကျွန်တော့်ထွေးလေးအား မယားကြီး သဘောဖြင့် မရှက်မကြောက် ကျွန်တော်တို့ရွာသို့ ရောက်လာသေးသည်။ ဒီအခါမှာ ဘာပြောကောင်းမလဲ ကျွန်တော်တို့ ဆွေမျိုး အမျိုးသမီးတစ်သိုက် က ဝိုင်းအာပစ်လိုက်ကြတာ ငတိကြီး အမြီးကုပ်၍ ပြန်သွားရ၏။ ကျွန်တော့် အဖေကလည်း သူ့ကို လူဖက်လုပ်၍ စကားမပြောတော့။

လင်ကံဆိုးရှာသော ကျွန်တော့်ထွေးလေးမှာ သက်ဆိုးလည်း မရှည် ရှာပါ။ သူ့တွင် ပါခဲ့သော စက်ကလေးတစ်လုံးဖြင့် ကျွန်တော်တို့ရွာမှာ စက်ချုပ်စားနေပေရာ တစ်နှစ်လောက်အကြာမှာ ၉၆ ပါးသောရောဂါဖြင့် သေဆုံးသွားရှာပါသည်။

ယင်းမှာ ပထွေးလေးထွန်းပေါ်သည် ကျွန်တော်တို့ဆွေမျိုးများနှင့် အဆက်ပြတ်သွားလေ၏။ သူ့အား ဆွေမျိုးဟူ၍လည်း အမှတ်မထားတော့။

သို့သော် တစ်နေ့သောအခါ ကျွန်တော် နတ်တလင်းမြို့ပေါ် ရောက် သွားသည်၌ ပြည်လမ်းတွင် လျှောက်သွားစဉ် နောက်မှလိုက်လာသော မြင်းလှည်းတစ်စီးသည် ကျွန်တော့်အနီး ထိုးရပ်လိုက်ပြီး–

"ဟေ့... ထွန်းနောင် ဘယ်လဲကွ"

ကျွန်တော့်ပထွေးလေးဟောင်းကြီးပါတကား၊ သူကိုယ်တိုင် မြင်း လှည်းမောင်းလျက်။

သူနှင့်မတွေ့ရသော်လည်း သူ့သတင်းကိုကား ကျွန်တော်တို့နားမှာ ကြားနေရပါသည်။ သူသည် ပွဲစားအလုပ်လုပ်ရာ၌ ဖြောင့်မှန်သူမဟုတ်၊ လူလိမ်လူကောက်ဖြစ်သဖြင့် သူနှင့် အရောင်းအဝယ်မလုပ်ကြတော့၍ မြင်း လှည်းမောင်းပြီး စားနေသည်။ စင်းကားစက် ကိုယ်စားလှယ်အဖြစ်ကလည်း ပြုတ်ခဲ့ပြီ။

သူနှင့် မတွေ့ရတာကြာပြီမို့ ကျွန်တော်က သူ့ကို ခပ်စိမ်းစိမ်းဖြစ်နေ လျက် သူ့မေးခွန်းကိုတော့ ပြန်ဖြေရပါသည်။

"ဘူတာသွားမလို့ဗျ"

"ဘာလဲ၊ မင်း ပြန်တော့မလို့လား၊ နေပါဦးကွာ တစ်နေ့ခင်းလောက် ငါ့အိမ် လိုက်လည်ပါဦး၊ တက်ကွာ"

ကျွန်တော်သည် ကျွန်တော့်ထွေးလေးအတွက် သူ့ကို စိတ်နာခဲ့သည့်

mgyoe.com

mgyoe.com SAMPLE BOOK


မှန်သော်လည်း ငယ်စဉ်ကပင် ပထွေးလေး၊ တူလေးနှင့် ရင်းနှီးစွာ နေခဲ့ရသည် ဖြစ်ရကား ယခု သူ့မျက်နှာမြင်ရပြန်တော့ သူကလည်း ဟိုတုန်းကလိုပဲ ကျွန်တော့်အပေါ် သဘောထားနေပုံရှိလေသဖြင့် ကျွန်တော် မစိမ်းရက်နိုင်ပြန်တော့ဘဲ သူ ယခုလက်ရှိအခြေလည်း သိရအောင်ဟု သူ့မြင်းရထားပေါ် တက်ထိုင်လိုက်သည်။ မနက်ခင်း ၁၀ နာရီမျှ ရှိသေးရာ နတ်တလင်းဈေးသည် လူမစဲသေးချေ။ သူသည် မြင်းလှည်းကို ပြန်လှည့်မောင်းပြီး ဈေးဝ၌ ရပ်လိုက်ကာ–

"အိမ်မှာ ဟင်းရှိချင်မှရှိမှာကွ၊ မင်း ဘာစားမလဲ၊ ဝက်လား၊ ကြက်လား၊ ဘဲလား"

"ပထွေးလေး ဝယ်ချင်တာ ဝယ်ခဲ့ဗျာ"

ဟိုက်... ကျွန်တော့်နှုတ်က သူ့အား ပထွေးလေးဟု လွှတ်ခနဲ ခေါ်လိုက်မိပြန်ပြီ၊ သည့်အရင်တုန်းကတော့ သင်းကို ဆွေပြတ်မျိုးပြတ်ဟု သဘောထားခဲ့တာ။ သို့သော် ငယ်စဉ်ကကျိုးခဲ့သောနှုတ်ကား ပြင်ရန် ခဲယဉ်းလှပါသည်။ သူကလည်း ကျွန်တော် 'ပထွေးလေး' ခေါ်သံကြားလိုက်ရတော့ သူ့မျက်နှာမှာ ဝမ်းမြောက်သွားဟန် ရှိပါသည်။

သူသည် ပြုံးရွှင်လျက်–

"မင်း ၈ နှစ်၊ ၉ နှစ်သားက ချောင်းကမ်းပါးက ငါတို့အိမ် ပထမဦးဆုံးအကြိမ် လိုက်လာတော့ ငါ ဘဲသားဟင်းချက်ကျွေးရတာ သတိရသကွာ၊ ငါ အခုလည်းပဲ ဘဲသားပဲ ဝယ်ခဲ့မယ်ကွ" ဟု ပြောပြီး ဈေးထဲဝင်သွား၍ မကြာမီ ဘဲတစ်ကောင်ဆွဲကာ ပြန်လာပါသည်။

ဈေးနှင့် ၅ မိနစ်လောက် မောင်းရသော တာပွန်လမ်းက သူ့အိမ်ရောက်သည်၌ ဆယ့်လေးငါးနှစ်လောက်ရှိသော မိန်းမပျိုလေးတစ်ယောက်က ဆီးကြို၍ မြင်းလှည်းကို ကူဖြုတ်ပေးသည်။

သူတို့အိမ်သည် လေးပင်သုံးခန်း၊ သွပ်မိုး၊ ပျဉ်ထောင်တစ်ထပ်အိမ်မြင့်၊ အောက်က မြင်းဇောင်း။

ကျွန်တော်တို့အိမ်ပေါ် ရောက်ကြသည်၌ အသက် ဆယ့်လေးငါးနှစ်ရွယ် မိန်းမပျိုတစ်ယောက်၊ အသက် ၂၀ လောက် မိန်းမပျိုနှင့် အသက် ၃၀ ကျော်အရွယ် သူ့ဇနီးကို တွေ့ရသည်။ သူတို့ညီအစ်မသုံးယောက်ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်အား မည်သည့်ရွာက လယ်ပိုင်ရှင်သား ကောလိပ်ကျောင်းသားဟု ပြောကာ မိတ်ဆက်ပေးပါသည်။ သူ့ခယ်မလေးများကလည်း ကျွန်တော့်ကို ဖော်ရွေစွာ ဆက်ဆံကြပါသည်။ အကြီးမလေးက သန်းသန်းလှ၊ အငယ်မလေးက သန်းသန်းမြ။

"သန်းသန်းလှရေ ငါ့တူက အင်မတန် ဟင်းကောင်းကြိုက်သကွဲ့၊ ဘဲသားကို သူ့စိတ်ကြိုက်ဖြစ်အောင် ချက်ပေးလိုက်စမ်းကွာ"

ဟု သူ ဈေးမှဝယ်လာခဲ့သော ဘဲကောင်ကိုပေးရင်း ပြောပါသည်။ ပြီးလျှင် အငယ်မလေး သန်းသန်းမြအား–

"ကဲ... ငါ့ညီမ လှအုံးမယ်က အိမ်ခြေရင်းက မန်ကျည်းငုတ်တိုမှာ မန်ကျည်းရွက်သွားခူးကွာ၊ ငါ့တူက မန်ကျည်းရွက်သုပ်လည်း ကြိုက်တယ်ကွ"

ထိုအခါ ကောင်မလေးက ရှက်စနိုးနှင့်–

"ဘာမှန်းလဲမသိဘူး၊ အစ်ကိုကြီးက ကျွန်မကို လှအုံးမယ်၊ လှအုံးမယ်နဲ့"

"ဟဲ့... နင်က ခုမှ ဆယ့်လေးငါးနှစ်ရှိသေးတာ၊ ရှေ့ သည်ထက်လှဦးမှာမို့လို့ လှအုံးမယ်လို့ အစ်ကိုကြီးက ခေါ်တာကွဲ့"

ဆိုပြီး ကျွန်တော့်ဘက်လှည့်၍–

"မဟုတ်ဘူးလား ငါ့တူရာ၊ မိန်းကလေးဆိုတာ ဒီအရွယ် အလှရပ်သေးတာမှမဟုတ်တာ၊ နောက်ထပ် အများကြီးလှလာဦးမှာကွ။ မယုံရင်မင်း တစ်လတစ်ခါလောက် လာကြည့်စမ်း"

ကျွန်တော် ပြုံးရပါသည်။ ပထွေးလေးသည် ဟာသဉာဏ်လည်းရှိ၏၊ အာဝဇ္ဇန်းလည်း ကောင်း၏။ သူ့စကားမျိုးကို အဘယ်မိန်းကလေးသည် သဘောမကျဘဲ ရှိအံ့နည်း။ ထိုအခါ သူ့ဇနီးက သူ့ကို မျက်စောင်းခဲပြီး–

"ဟိုလူကြီးနော် သူ ဒါမျိုးကို အင်မတန်တတ်တယ်"

သည်မျှသာ ပြောသော်လည်း သူ့စကားအဓိပ္ပာယ်ကို ကျွန်တော် စဉ်းစားမိပါသည်။ 'ရှင် ဒီလို မိန်းမကြိုက် စကားလေးတွေနဲ့ ကျွန်မကို နှူးလာခဲ့တာပဲ' ဟု ဆိုလိုပေသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်နေရာမှာ အခုနက ပထွေးလေးက ကျွန်တော့်အား မန်ကျည်းရွက်သုပ်ကြိုက်သည်ဟု ပြောလိုက်သည်မှာ ဟုတ်ပါသည်။ အမှန်ပဲ ကျွန်တော် မန်ကျည်းရွက်သုပ် ကြိုက်ပါ၏။ ကျွန်တော် ငယ်ငယ်တုန်းကပင် သူတို့ ချောင်းကမ်းပါးရွာလေးသို့ သွားရောက်လည်ပတ်စဉ်က အိမ်မှာ ဘာဟင်းချက်ချက် ဖိုးကျော့နှင့်ကျွန်တော်သည် မန်ကျည်းရွက်နု ရှာခူးပြီး ထွေးလေးအား မန်ကျည်းရွက်သုပ်ခိုင်းပါသည်။

ယင်းကို ပထွေးလေးက သတိရဟန်တူပါသည်။ ထို့ကြောင့် ကျွန်တော်က ဖိုးကျော့အကြောင်း စကားစမိရာ ပထွေးလေးသည် သူ၏ မဟာအမိုက်တော်ပုံကြီးကို ပြန်လည်မတွေးတောလိုဘဲ တခြားစကားကို လွှဲပစ်လိုက်ပါသည်။

ထိုနေ့ မနက်စာကို ဘဲသားဆီပြန်နှင့် မန်ကျည်းရွက်သုပ်နှင့် ငါးရံ့ခြောက်ဖုတ်နှင့် ပဲကြီးဟင်း ဆူးပုပ်ရွက်ခတ်နှင့် ကောင်မလေးတွေပါ ကျွန်တော်တို့နှင့်အတူတကွ ထမင်းလက်ဆုံ စားကြပါသည်။ ပထွေးလေးသည် သူ့ခယ်မလေးများနှင့် ကျွန်တော့်အား ရင်းနှီးစေချင်ပါသည်။

ညနေစောင်း၍ ကျွန်တော် အိမ်အပြန်တွင် ဘူတာရုံသို့ သူ့မြင်းလှည်းနှင့် လိုက်ပို့သောအခါ–

"ဟေ့... ထွန်းနောင် မင်း ရည်းစားရှိပလားကွ"

ဟု ကောက်ကာငင်ကာ မေးလေရာ ကျွန်တော်က–

"ဘာဖြစ်လို့လဲ ပထွေးလေးရ" ဆိုတော့ သူက မျက်နှာထားတည်တည်နှင့်–

"မင်း ငါ့ခယ်မ သန်းသန်းလှကို မကြိုက်ဘူလားဟေ့" မေးတော့ ကျွန်တော့်မှာ ရုတ်တရက် အဖြေရခက်ပါသည်။ သန်းသန်းလှက ချစ်စရာကောင်းသည်လည်း အမှန်ပဲ။

ထိုအချိန်မှာ ကျွန်တော့်အသက်က ၂၂ နှစ် ရှိနေပြီ။ လူပျိုပဲ အပျိုနှင့် သို့ကလို မေးမြန်းခြင်းခံရတော့ ရင်ထဲလှိုက်ဖို၍ မျက်နှာက ပြုးစိစိ ဖြစ်လာသပေါ့။ သည်တော့ ပထွေးလေးက ဆက်လက်၍–

"ကောင်မလေးကတော့ မင်းကို ကြိုက်ပုံပဲဆရာ"

ထိုအခါတော့ ကျွန်တော်က သွက်လက်စွာ–

mgyoe.com

mgyoe.com SAMPLE BOOK


"ပထွေးလေးက ဘယ့်နှယ်လုပ်သိလဲ"

"ဟ... ငါ့မျက်စိက မိန်းမကဲကြည့် သိတာပေါ့ကွ၊ သူ့အစ်မ ငါ ယူလာတာပဲ၊ ဒီတော့ ငါပြောချင်တာက ထွန်းနောင် မင်းထွေးလေးလည်း သေပြီ၊ ပြီးတဲ့ကိစ္စတွေတော့ ထားလိုက်ကြတော့ကွာ ဟုတ်လား၊ ဒီတော့ တို့ မင်းတို့နဲ့ငါနဲ့ ဆွေဆက်မျိုးဆက် မပြတ်ရအောင်၊ စိုပြီးသားလက် မခြောက်ကြရအောင် သန်းသန်းလှကို မင်း ယူစေချင်တယ်ကွာ၊ မင်းမိဘကို ပြောပြပါ၊ မိန်းကလေးဘက်ကတော့ ငါ့ခယ်မပဲ၊ ငါပြီးရင် ပြီးတယ်၊ သန်းသန်းလှဟာ အခု ဆရာဖြစ်အောင်ပြီး အကူဆရာမ လုပ်နေတယ်၊ မကြာခင် ကျောင်းတစ်ကျောင်းမှာ အလုပ်ရတော့မယ်၊ သဘောသကာယလည်း ကောင်းတယ်၊ အချက်အပြုတ်လည်း ကောင်းတယ်၊ မင်း အခု စားခဲ့ပြီပဲ၊ မင်း ငါ ဟိုတုန်းကလည်း ပြောခဲ့ဖူးတယ်မဟုတ်လား၊ အိမ်ထောင်ပြုရင် မြို့က မိန်းမယူလို့၊ ဒီတော့ မင်း ငါ့စကားကို သဘောကျတယ်ဆိုရင် မင်းမိဘကို ပြောကွာ ဟုတ်လား"

ကျွန်တော်သည် ကျောင်းနေတုန်း အိမ်ထောင်ပြုရန် အခါမဟုတ် သေး၍ သူ့ခယ်မ သန်းသန်းလှကိုယူရန် မဆုံးဖြတ်ရသေးသော်လည်း ပထွေးလေး၏စကားကို ကျွန်တော့်အမေနှင့် အစ်မရှေ့ ပြောကြည့်တော့ လား... လား သားအမိနှစ်ယောက် ဒေါပွလိုက်ကြတာလေ အမေက–

"ဟဲ့... ဒီထွန်းပေါ်ကို ငါ့ညီမ မြခက်တစ်ယောက်နဲ့ တော်ပြီဟေ့၊ မင်းက ဆက်ပြီးတော့ ဆွေမျိုးမတော်ချင်စမ်းနဲ့၊ ကောင်းတဲ့လူစားမျိုးမှ မဟုတ်တာကို"

ကျွန်တော့်အစ်မက–

"သူတင် မကောင်းတာတဲ့လား၊ အခု သူယူထားတဲ့ မိန်းမမျိုးကကော မယားကြီးရှိနေမှန်းသိသာနဲ့ ကြောင်တောင်နိုက်တာမဟုတ်လား၊ ဒီအမျိုး များ ငါ့မောင်ရယ် စိတ်မကူးစမ်းပါနဲ့၊ ငါ တွေးတွေးပြီး အသည်းနာလှတယ်၊ တို့ထွေးလေး အသေစောရတာဟာ သင်းကြောင့် သောကရောက်ရတဲ့ စိတ်လည်းပါတယ် သိရဲ့လား"

ထိုအခါ ခပ်လှမ်းလှမ်းမှ နားထောင်နေသော အဖေကလည်း–

"ဟေ့... ဒီမှာ ငါ့သား၊ မင်း နောက်တစ်ခါ ထွန်းပေါ်နဲ့ အဆက်အဆံ

mgyoe.com

mgyoe.com  SAMPLE BOOK 

မလုပ်နဲ့ကွာ၊ သူ့အိမ်ကိုလည်း ဘယ်တော့မှ မသွားနဲ့တော့ သိရဲ့လား၊ ထွန်းပေါ်ဟာ ဘယ်ဘက်ကမှ စရိုက်ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ငါဟာ သူနဲ့ မယားညီအစ်ကို တော်ခဲ့ဖူးတယ် ပြောရမှာကို ရှက်တယ်၊ ငါ့သားက အခု သင်းကိုများ မယားညီအစ်ကိုတော်ဖို့ စိတ်ကူးသလား"

ကျွန်တော်လည်း စိုးရွံ့လာကာ–

"မကူးပါဘူး အဖေရယ်၊ သူပြောတာကို ပြောပြတာပါ"

"ဒါဖြင့် ရပ်တန်းကရပ်၊ လူ့ပြည်မှာ ငါ့သားရပ်၊ ငါ့သားပညာနဲ့ မိန်းမတွေ အပုံကွာ၊ သင်းနဲ့ မပတ်သက်ချင်စမ်းပါနဲ့"

သည်အထဲ အစ်မလေးက မကျေချမ်းဆုံးဖြစ်လျက်–

"ဘာ... သင်းက တို့ဆွေမျိုးဆက်နဲ့ စိုပြီးသားလက် မခြောက်ရအောင်တဲ့ ဟုတ်လား၊ ငါက ဖြစ်ရင် အဲဒီလက်ကို ဖြတ်တောင်ပစ်လိုက်ချင်တယ်"

ယင်းအခိုက် ရှာမြောက်ပိုင်း၌နေသော သွားလေသူ ထွေးလေးမြခက် ထက်အကြီး ကျွန်တော့်ထွေးလေး မြသက်ရောက်လာလျက် သားအမိ သားအဖတွေ ဘာတွေများ ပြောနေကြသလဲ စပ်စုသည်၌ ကျွန်တော့်အစ်မလေးက စစ်ကူရဘိသို့ ဝမ်းသာအားရ ဖောက်သည်ချလေသော် ထွေးလေးမြသက်က ပါ ကျုပ်ပထွေးလေးဟောင်းကြီးအပေါ် အနာဟောင်းတွေ ဖော်ပြန်လေ၏။

"မြခက် သေတုန်းကတော့ မလာဘူး၊ မသာချပြီး ၁၀ ရက်လောက် ကျော်တော့ သင်း ငါ့အိမ်ကို မျက်နှာပြောင်တိုက်ပြီး ရောက်လာတယ်၊ ဘာလုပ်ဖို့ ရောက်လာတယ် အောက်မေ့လဲ၊ မြခက်စက်ဟာ သူ့စက်တဲ့၊ အဲဒီစက် ယူရအောင်လာတာတဲ့၊ ဒီတော့ ငါက မြန်မြန်ယူသွားဟေ့၊ နင့် ပစ္စည်းဆိုရင် ငါ့အိမ်သနတယ်၊ နင် နောက်ထပ် ငါ့အိမ်ရိပ် မနင်းနဲ့လို့ ပြောလွှတ်လိုက်တယ်"

ထွေးလေးမြခက်သည် ထွေးလေးမြသက်အိမ်၌ သေဆုံးသွားခြင်း ဖြစ်သည်။

ထွေးလေးမြသက်သည် ဆေးပေါ့လိပ်ကို အားရပါးရ ဖွာလိုက်ပြီး စကားဆက်ပြန်သည်။

"သင်းကို အိမ်ရိပ်မနင်းအောင် မောင်းထုတ်ထားတဲ့လူတွေ အပုံဟေ့၊ သူ့ဆွေမျိုးတွေကရောပဲ၊ သူ့လိမ်လည်ကောက်ကျစ်မှုတွေ၊ ငွေကို ဖြတ်စား

mgyoe.com

mgyoe.com SAMPLE BOOK


လျှပ်စားတာတွေ"

အဖေက ထွေးလေးစကားကို ဖြတ်၍–

"ငါ့ငွေ ၅၀ ကျပ်ကော ဘယ်ရတော့လို့လဲ၊ သင်း ပွဲစားလုပ်တုန်းက ငါ စပါး ၂၀၀ ရောင်းလိုက်တာ (ငွေ ၅၀ ကျပ်တော့ အစ်ကိုရယ် ခဏနေပါဦး၊ ဗွက်တောရွာမှာ စရန်ပေးခဲ့လို့ပါ) ဆိုပြီး တောင်လှည့်မြောက်လှည့်နဲ့ ခုထိ ဘယ်ရတော့လို့လဲ"

အဖေ ပြီးတော့ ထွေးလေးက စကားဆက်ပြန်၏။

"သင်းက ငွေရေးကြေးရေးသာ မဟုတ်ဘူး၊ မိန်းမတွေနဲ့ပတ်သက်ပြီးလည်း စည်းမစောင့်ဘူး၊ သူ တောရွာမှာ ဖရဲစိုက် ပိုက်ဆွဲနဲ့ ပင်ပင်ပန်းပန်း လုပ်စားနေရတာ သနားလို့ အိမ်ခေါ် ထမင်းကျွေးပြီး စက်ချုပ်သင်ပေးတဲ့ ဒေါ်သန်းစော သမီးအကြီး ကြင်မြနဲ့လည်း ဖောက်ပြန်သေးသတဲ့၊ မြခက်က ငါ့ပြောသွားတယ်၊ ဒီကိစ္စပေါ်တော့ ဒေါ်သန်းစောက သားရေပေါ်အိပ် သားရေနားစားတဲ့ ခွေး၊ ကျေးဇူးရှင် ကျေးစွပ်တဲ့နွားဆိုပြီး ပါးရိုက်လွှတ်လိုက်သတဲ့"

အင်း... ကျုပ်တို့ပထွေးလေး မောင်ကြီးအကြောင်းကတော့ အကောင်း မရှိပါလား။ သို့နှင့် ကျွန်တော်သည် သူ့ကို ဝေးဝေးရှောင်ခဲ့ပေတော့သည်။

* * *

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်၊ ဂျပန်ခေတ်ရောက်သောအခါ ကျွန်တော်သည် ပညာသင်ရပ်ရ၍ ကုန်သည်ဖြစ်သွားသည်။ ထို့နောက် ကြည့်မြင်တိုင်မှာ အိမ်ထောင်ကျတော့၏။

၁၉၄၃ ခုနှစ်အတွင်း တစ်နေ့သောအခါ ပထွေးလေးသည် ကျွန်တော့် အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာဘိ၏။ ကျွန်တော် မမျှော်လင့် သောလူ သူ ဘယ်လိုကဘယ်လို ကျွန်တော့်နေရပ်ကို မေးလာသည်မသိ။ နတ်တလင်းရှိ သူ့အိမ်သို့ ကျွန်တော် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ရောက်ခဲ့သည်မှာ ၁၉၄၀ ပြည့်နှစ်၊ နောက်နောင်လည်း သူ့ကို မတွေ့အောင် ရှောင်ခဲ့သဖြင့် လူချင်းကွဲကွာခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ချေပြီ။

ကျွန်တော့် မိဘဆွေမျိုးများက သူ့အား မဆက်ဆံရန် တားမြစ်ဘိလည်း သူက ကိုယ့်အိမ်ရောက်လာတယ်ဆိုတော့ ကျွန်တော် မည်သို့ ပြုရပါ

mgyoe.com

မည်နည်း။ ကျွန်တော့်ထွေးလေးသည် သူနှင့်ကွဲကွာ၍ သေဆုံးခဲ့ပြီဖြစ်သော်လည်း ကျားသေသော်လည်း ကျားရေမပြောင်းဆိုဘိသို့ ကျွန်တော် ငယ်စဉ်က နှုတ်ကျိုးခဲ့သော ပထွေးလေးကို ပထွေးလေးက လွဲ၍ ပြောင်းခေါ်၍လည်း မရတော့။

"ပထွေးလေး ဘယ်က လှည့်လာတာလဲ"

"ငါ ရှမ်းပြည် အောင်ပန်းက ပြန်ခဲ့တာကွ"

"ဘာကိစ္စသွားတာလဲ၊ ဒီခေတ်ကြီးမှာ အသွားရအလာရ ခက်ပါဘိသနဲ့"

သူ့တွင် မြင်းလှည်းနှင့်တင်လာသော ဂုန်နီအိတ်တစ်လုံးလည်း ပါခဲ့၍ ၎င်းအိတ်ကို မျက်စပစ်ပြကာ–

"အဲဒါ ဘာအိတ်လို့ မင်း ထင်လဲ"

"ကျွန်တော် ဒီဗွေစကွန်မှ မရတာဘဲဗျာ"

"ကြက်သွန်ဖြူအိတ်ကွ"

"ဘာလုပ်ဖို့လဲ"

"ငါ ရှမ်းပြည်က ဝယ်ခဲ့တာ ရောင်းဖို့ပေါ့ကွ၊ မင်းတို့အိမ်စားဖို့လည်း ပေးမယ်"

"ကြက်သွန်ဖြူတွေ ဘယ်လောက်များများ ပါခဲ့လို့လဲ"

"ဒီတစ်အိတ်ပဲပေါ့"

"ဟာ... ပထွေးလေးဟာကလည်း"

သူသည် ရယ်မောလေသည်။ စင်စစ်ကား ကြက်သွန်အိတ်ထဲတွင် ဘိန်းထုပ်ပါခဲ့လေသည်။ သူသည် ရှမ်းပြည်နှင့် ခေါက်ကဲ့ပြန်ကဲ့ ဘိန်းချနေခြင်းဖြစ်၏။ ပျမ်းမျှခြင်း နှစ်လတစ်ခေါက်လောက် ဒီလိုပဲ ကျွန်တော့်အိမ်မှာ နှစ်ရက်သုံးရက်လောက် ဝင်တည်း၏။

ကျွန်တော်က သူ့အား ပထွေးလေးခေါ်သဖြင့် ရန်ကုန်သူတွေအနေနှင့် ကျွန်တော့်မိန်းမက နားမလည်၍ 'ဘာတော်သလဲ' မေးသဖြင့် ကျွန်တော့် အမေညီမ ကွယ်လွန်သူ ကျွန်တော့်ထွေးလေး၏ ယောကျ်ားဟုပြောပြသော အခါ 'ဪ... ဆွေမျိုးအရင်းကြီးပဲ'ဟု ကျွန်တော့်ဇနီးက ယူဆပြီး သူ့အား ရိုသေလေးစားစွာ ဆက်ဆံ၏။

mgyoe.com

m gyoe.com SAMPLE BOOK

ထို့ပြင် ကျွန်တော် မခေါ်ချင်တော့ဘဲနှင့် ခေါ်နေရသော ပထွေးလေးသည် အမျိုးသမီးများ နှစ်သက်အောင် အာဝဇ္ဇန်းရွှင်သူလည်းဖြစ်သည်။ ကျွန်တော့်အိမ်မှာ ပထမဦးဆုံးအကြိမ် ထမင်းစားစဉ်ကပင် ကျွန်တော့်မိန်းမအား ဟင်းချက်ထမင်းချက်ကောင်းကြောင်း ချီးမွမ်းပြီး–

"ထွန်းနောင်ကို ဗေဒင်ဆရာကြီး ဦးဝေလုက ဒီသူငယ် မိန်းမရ ကံကောင်းမယ်လို့ ဟောခဲ့တာ ဟုတ်နေတာပေါ့ကွ"

ဟု သူ့ဖြီးလုံးသွင်းလိုက်ရာ ကျွန်တော့်ဇနီးကလည်း အကြိုက်တွေ့သွားပါ၏။

၎င်းပြင် သူ နတ်တလင်းကလာသောအခါ နတ်တလင်းဘက်က ထွက်သော ဟင်းသီးဟင်းရွက်များ၊ ရှမ်းပြည်က ပြန်လာသောအခါ ရှမ်းပြည်ထွက် ပစ္စည်းများ လက်ဆောင်ယူလာတတ်သည်။ သူ ဘိန်းရောင်းပြီးသောအခါလည်း ကျွန်တော့်ကလေးများအား မုန့်ဖိုးရက်ရောစွာ ပေးတတ်သဖြင့် ကျွန်တော့်ဇနီးသည်ကလည်း ပထွေးလေးခေါ်လျက် ဒီလူကြီးအား အလွန် သဘောကျနေပေတော့၏။

ထိုစဉ်အခါက ပထွေးလေးအား ကျွန်တော် ကြည့်ရသည်မှာ တစ်ခါထက်တစ်ခါ ပိန်၍ပိန်၍ လာ၏။ သူသောက်သော ဆေးတံမီးခိုးနံ့က ခပ်စူးစူးအနံ့တစ်မျိုး နံသဖြင့် ကျွန်တော် စူးစမ်းကြည့်သောအခါ ဘဲသားချောကြီး ဘိန်းစွဲနေပြီကိုး၊ဗျ၊ ဘိန်းလည်းရှူ၏၊ ဆေးတံထဲလည်း ဆေးနှင့်ဘိန်းဆီ နယ်၍ သောက်၏။

ကျွန်တော်က သူ့ကို ထုတ်ဖော်မေးမြန်းသောအခါ သူက အတိအလင်း ဝန်ခံရုံမက ဘိန်းစားတာဟာ နာမည်သာ ဆိုးတယ်၊ အင်မတန် စည်းစိမ်ရှိကြောင်းပြောပြီး ကျွန်တော့်အား မင်းလည်း သုံးကြည့်ပါလားကွဟု ဆို၏။ စိမ်းကားမှ ဘုရားဖြစ်၊ ဘိန်းစားမှ မယားချစ်ဆိုတာ ဘာကြောင့်လဲ ဟူသည်ကို မယဉ်ကျေး မဖွယ်ရာသော အကြောင်းများ ပြောပြ၏။

ကျွန်တော့်အိမ်ကို သူ့ ဝင်ထွက်သွားလာနေကြောင်း ကျွန်တော့်မိဘဆွေမျိုးများက ကြားသိတော့ သူ့ကို လက်မခံရန် ပြောကြ၏။ သို့သော် ကျွန်တော် ဘယ့်နှယ်လုပ်မည်နည်း။ ကျွန်တော့်ဇနီးကလည်း ဆွေမျိုးရင်းကြီး ရယ်လို့ ခင်မင်နေပြီ။ ကလေးများကလည်း သူ့အား ဘဘ ဘဘနှင့်၊

mgyoe.com

mgyoe.com

ကျွန်တော့်အဖို့လည်း ဘာအန္တရာယ်မျှ မဖြစ်နိုင်ဟု တွက်ဆပါ၏။ နှစ်လ တစ်ခေါက်လောက် အိမ်လာပြီး နှစ်ရက်သုံးရက် တည်းခိုသည်ကို ဘာမျှ ဝန်မလေးဟုလည်း သဘောထားပါ၏။

ယင်းသို့ဖြင့် ဂျပန်ခေတ်ပြီး လွတ်လပ်ရေးကြီး ရသောအခါ၌ သူ ကျွန်တော့်အိမ်သို့ ပေါ်မလာတော့ပြီ။

ဟော... တစ်ခါလာမယ့် လာပြန်တော့ ၁၉၅၂ ခုနှစ်လောက်မှာ၊ သည်အချိန်တွင် သူ့အဆင့်အတန်း အမြင့်ဆုံး စတိုင်အရှိဆုံးဟု ဆိုရမည်။ ကိုယ်ပိုင် မော်တော်ဆိုင်ကယ်ကြီးစီးလို့ ခင်ဗျ၊ သူ့မြင်တော့ ကျွန်တော့်ဇနီး နှင့် ကလေးတွေကလည်း ဝမ်းသာလိုက်ကြတာလေ။

"ဘဘကြီး မလာတာကြာပြီ၊ ဒီတစ်ခါ သားသားတို့အိမ်မှာ ကြာကြာ နေနော်"

ဟု ကျွန်တော့်သားငယ်က ပြောတော့ သူက–

"ဟ... ဘဘလည်း မင်းတို့လို ရန်ကုန်သားဖြစ်နေပြီကွ၊ အခု ဘဘ အိမ်က ဖဆပလ ကွက်သစ်မှာ"

ကျွန်တော်ပါ အံ့သြလျက်–

"ဟုတ်လား ပထွေးလေး၊ ရန်ကုန်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လကျော်ပြီကွ၊ ငါလည်း မင်းတို့အိမ် လာမယ် လာမယ်နဲ့ အခုမှပဲ လာဖြစ်တော့တယ်၊ ခုအပြန် မင်း ငါ့အိမ်လိုက်ခဲ့ကွာ၊ ငါ့မိန်းမ ဘယ်လောက်ချောသလဲ ကြည့်ရအောင်"

"ပထွေးလေး မိန်းမကြီး ကျွန်တော် နတ်တလင်းအိမ်တုန်းက တွေ့ ဖူးသားပဲဗျာ၊ အခုမှ ချောနေရအောင် ဘယ်နတ်ရေကန် သွားနှစ်လို့တုံး"

"ဟား... ဟား... ဟားဟား"

သူသည် အားရပါးရ ရယ်မောလျက်။

"မင်း ခေတ်မမီတော့ဘူး၊ ငါနဲ့လိုက်သာ လိုက်ခဲ့ပါကွာ၊ အိမ်ကျ သိရစေမယ်"

သို့နှင့် ကျွန်တော် သူ့မော်တော်ဆိုင်ကယ်နောက်က ထိုင်၍လိုက်သွား လေရာ သူ့အိမ်ရောက်တော့ ကျွန်တော် တကယ်ပဲ အံ့သြရပါ၏။ ကျွန်တော် တို့ အိမ်ထဲဝင်သွားပြီး သူက 'လှအုံးမယ်ရေ' ဟု ခေါ်လိုက်၍ ထွက်လာသည်

mgyoe.com

mgyoe.com SAMPLE BOOK


က သူ့ခယ်မ အငယ်ဆုံးလေး သန်းသန်းမြပေတကား၊ ကောင်မလေးသည် ကျွန်တော့်မြင်သောအခါ မှတ်မိသဖြင့် ရှက်စနိုးဖြစ်နေသေး၏။

သည်အချိန်မှာ ဒီကောင်မလေးက အသက် နှစ်ဆယ်အစိတ်လောက် ပဲရှိဦးမည်။ ဟိုလူကြီးက ၅၀ ကျော်နှင်း ၆၀ သို့ ချဉ်းနေချေပြီ။

ထို့နောက် ကျွန်တော်တို့နှစ်ယောက် ထိုစဉ်က ရှိခဲ့သော ဖဆပလ ကွက်သစ်ဈေးထဲက တရုတ်ခေါက်ဆွဲဆိုင်သို့ သွားရောက်စားသောက်ကြ ရင်း–

"မင်းကို ငါ ဟိုတုန်းက ငါ့ခယ်မ သန်းသန်းလှကို ယူဖို့ပြောခဲ့တယ် မဟုတ်လား၊ နောက်ကို ပေါ်မလာတော့ဘူး"

"အဲသည်တုန်းက ကျွန်တော် ကျောင်းနေတုန်းပဲဗျာ"

"အေး... မင်း သန်းသန်းလှကိုမယူတာ ငါက ဝမ်းသာရတယ်"

"ဘာကြောင့်လဲဗျာ"

"မင်း မယူလို့ သန်းသန်းလှကို ငါ ရတာပေါ့ကွ"

ကျွန်တော့်မှာ ဤစကားကြားရသည်၌ သန်းသန်းမြကို အိမ်တွင်မြင်ခဲ့ ရတုန်းကထက် အံ့သြသွားရပြန်ကာ–

"ဗျာ... ခင်ဗျား သန်းသန်းလှနဲ့ ညားခဲ့သေးတယ်"

"မင်း ငါ့အိမ်လာပြီး နောက် နှစ်နှစ်လောက်ကြာမှာ ဂျပန်ခေတ်ထဲ ရောက်ပြီပေါ့၊ သူတို့အစ်မ သေတော့ သန်းသန်းလှနဲ့ငါနဲ့ လက်ဆက်တယ်"

"သြ... ဒါဖြင့် အခု သန်းသန်းလှ သေပြန်လို့ သန်းသန်းမြ ခင်ဗျား ယူလာပြန်တာပေါ့ ဟုတ်လား"

"မဟုတ်ဘူးကွ၊ ဒါတော့ အခု သန်းသန်းလှ မသေသေးပါဘူး၊ ဒါကြောင့် သူနဲ့ဝေးရာ ဒီ ဖဆပလ ကွက်သစ်မှာ အိမ်တစ်လုံးဝယ်ပြီး သုတ် လာရတာပေါ့ကွာ"

ကျွန်တော့်မှာ ရင်သပ်ရှုမောလျက်–

"ခင်ဗျားဗျာ... ဒီညီအစ်မ သုံးယောက်စလုံးကို ရအောင်ယူတာ အံ့သြတယ်၊ သူတို့အစ်မကြီးသေတော့ သန်းသန်းလှကိုယူတာထက် အခု သန်းသန်းလှ မသေသေးဘဲနဲ့ သန်းသန်းမြကိုယူလာတာ ကျွန်တော် ပိုအံ့ သြတယ်၊ ကေန္တ ခင်ဗျား မဟုတ်တရုတ်ဆေးတွေနဲ့ လုပ်ယူတာနဲ့တူတယ်"

mgyoe.com

mgyoe.com  SAMPLE BOOK 

သူသည် လက်ထဲက အရက်ခွက်ကို ပြန်ချလိုက်၍ ရယ်မောလျက်။

"ဟားဟား ကိုယ့်အိမ်က ခယ်မများ ဆေးလုပ်ရဦးမလားကွာ၊ ခဲအိုက ခယ်မ ပေါင်တစ်လုံးကို ပိုင်တယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လား"

* * *

သူပြောသည်များမှာ လူ့ကျင့်ဝတ် လူ့သိက္ခာကို စောင့်စည်းသောသူများ မကြံစည်သော၊ နှုတ်မှမထွက်သော စကားများဖြစ်ပါ၏။ သည်အချိန်မှာ သူက မိန်းမငယ်လေးရစမို့လည်းကောင်း၊ အရက်က ထွေနေ၍လည်းကောင်း သူ့ရှေးဟောင်းနှောင်းဖြစ်တွေကို ဝမ်းသာအားရ ဖောက်သည်ချနေပါ၏။

"မိန်းမများ နှာခေါင်းမရှိရင် မစင်စားမယ်ဆိုတာ ဟုတ်မယ်ကွ၊ မင်းမှတ်မိလား၊ ငါ စက်ချုပ်သွားသင်တဲ့အိမ်လေ၊ ဒေါ်သန်းစောသမီး ကြင်မြ"

"မှတ်မိပါတယ်ဗျာ၊ ကောင်မလေး သားသည်အမေကို တစ်သားမွေး တစ်သွေးလှတယ် ဘာညာနဲ့ ပထွေးလေး မြှောက်ခဲ့တာတွေ"

"မိန်းမဆိုတာ အမြှောက်ကြိုက်မဟုတ်လားကွ"

"ထားပါတော့၊ ဒီသားသည်အမေ သူ့လင်နဲ့ဟာကိုများ ခင်ဗျားဘယ်လိုလုပ် ရအောင် သွေးဆောင်သလဲ"

"အဲသည် ကြင်မြတုန်းက ငါ တမင်ကြံစည်တာ မဟုတ်ဘူးကွ၊ ငါသူတို့အိမ်ရောက်ပြီး သူ ဒုတိယကလေးမွေးဖို့ ကိုယ်ဝန် နှစ်လသုံးလလောက်မှာ သူ့ယောကျ်ားက ခရီးရက်ရှည် သွားနေတယ်ကွ၊ ဒီတော့ ငါက နောက်တယ်၊ (ကြင်မြတော့ ဒုက္ခပဲဟေ့၊ ကိုယ်ဝန်လေးနုနုနဲ့ နှင့်ယောကျ်ားက တခြားသွားပြီး တော်တော်နဲ့ပြန်မလာတော့ ခြေလက်အင်္ဂါမစုံတဲ့ ကလေးတွေမွေးတာ အဲဒါမျိုးပေါ့)ဘာညာနဲ့ ငါကစတော့ သူ အစဦးဖြင့် ဟင်း... ဒီလူကြီးက မဟုတ်က ဟုတ်ကတွေ ပြောရှောမယ်နဲ့ ရှက်စနိုးကွ၊ ငါကလည်း သူ့စကောင်းတာနဲ့ ခဏခဏ အဲဒီအကြောင်း ပြောတယ်။ သူ့ယောကျ်ားသွားနေတာ ၃ လလောက်ကြာလာတော့ သူ ငါ့စကားပဲ တကယ် အဟုတ်မှတ်လေသလား၊ ဒါမှမဟုတ် သူ့လင်နဲ့ ကင်းကွာနေတာ ကြာလို့ပဲလား မပြောတတ်ဘူးကွာ× ×"

mgyoe.com

mgyoe.com SAMPLE BOOK


ယုတ်မာသော၊ သစ္စာမဲ့သောအကြောင်းပင် ဖြစ်ပါသည်။

တောရွာတွင် ချောင်းထဲ ပိုက်ဆွဲလာခဲ့ရသူက ယခု ရန်ကုန်မြို့ရောက်၍ ဤအဆင့်အတန်းထိ ကာမဂုဏ်စည်းစိမ်ကို ခံစားနေခဲ့ချေပြီ။

သူနှင့်ကျွန်တော် ယင်းအကြိုက် တွေ့ရခိုက်ကား ငြိမ်းခါနီး ဆီမီး ခွက်သည် အစွမ်းကုန် တောက်လောင်နေခြင်းဖြစ်ပေ၏။

ထိုမှ တစ်နှစ်လောက်ကြာ၍ ဘသားချောကြီး ကျွန်တော့်ဆီ ရောက်လာပြန်တော့ ယူကျုံးမရ ဖြစ်နေချေပြီ။

"ဟေ့... ထွန်းနောင်၊ မင်းပြောတာ မှန်တယ်ကွ"

"ဘာမှန်တာလဲ ပထွေးလေး"

သူက ကျွန်တော့်နားရွက်နားကပ်၍ တိုးတိုးပြော၏။

"ပထွေးလေး အခု အသက် ဘယ်နှနှစ်လဲ"

"၅၇ နှစ်"

သူ့မှာ လူလည်း မကျန်းမာတော့ပြီ၊ ချောင်းတဟွပ်ဟွပ်နှင့် ရင်ကျပ်ရောဂါ စွဲနေ၏။

"လူတစ်ယောက်ရဲ့ ကာမဂုဏ်ခံစားမှုဆိုတာ အကန့်အသတ်နဲ့ ရှိတာပဲဗျာ၊ များများနဲ့သုံးပစ်တော့ မြန်မြန်ကုန်တာပေါ့"

သူက ကာမဂုဏ်ရမွက်နှင့် မြှူဆွယ်၍ယူခဲ့သော သူ့ခယ်မ ငယ်ငယ်ကလေးလည်း သူ မဖွမ်းနိုင်တော့၊ ဒါကြီး တကယ်ချစ်လို့ ယူခဲ့တာမှ မဟုတ်တာ။ ဘာဒုက္ခခံပြီး ပြုစုပေါင်းသင်းနေတော့မည်နည်း။ ကောင်မလေးက ရုပ်ကလည်း ချောသားပဲဟာ၊ သူနှင့် ရွယ်တူတန်းတူ ကောင်တစ်ယောက်နောက် လိုက်ပြေးခဲ့လေပြီ။ ယခင်က အောင်ပွဲခံခဲ့သော လူကြီး ယခု အရေးနိမ့်သော လောကစံအပိုင်းသို့ ရောက်လေပြီ။

လုံကျန်းမာရေးလည်း မကောင်းတော့၊ ငွေမရှာနိုင်တော့ပြီ။ စီးပွားရေး ပျက်ခဲ့လေပြီ။ နို့ပြီး သူက ဘိန်းစားရှုံမက မော်ဖီးယားပါစွဲနေသူဖြစ်လေတော့ တစ်နေ့တစ်နေ့ သူ့အသုံးစရိတ်က မနည်းဘူး၊ ထို့ကြောင့် ဖဆပလ ကွက်သစ်က အိမ်ကိုရောင်းပြီး သူ၏ဇာတိဌာနေသို့ ပြန်ပြေးရလေသည်။

သို့သော် သူ့အား မည်သည့်ဆွေမျိုး မိတ်ဆွေကမှ လက်မခံတော့။ ကျောင်းဆရာမ သန်းသန်းလှဆိုဘာ သူ့အား ရွံရှာစက်ဆုပ်လွန်လွန်းလို့

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ဇနီးရယ်လို့ အိမ်ထဲဝင်သွားသည်ကို အိမ်နီးပါးနားများခေါ်၍ ဆွဲထုတ်စေပြီး နောက်ထပ် မချဉ်းကပ်ရန် ရဲဌာနကို သွားတိုင်ထားတော့၏။

သစ္စာမဲ့သူ၊ လိမ်လည်ကောက်ကျစ်သူ၊ ကာမဂုဏ်၌ယုတ်မာသူ၊ မယားအဆက်ဆက် ရခဲ့သော်လည်း သားသမီးတစ်ယောက်မျှ မပေါက်ဖွားခဲ့ပေ။

* * *

"အဲဒါနဲ့ သူတောင်းစားဘဝ ရောက်တော့တာပဲဆိုပါတော့ ကိုထွန်းနောင်"

ကိုထွန်းနောင်သည် သူ့ပထွေးလေးအကြောင်းကို အထက်ပါအတိုင်း ကျွန်တော့်အားပြောပြခဲ့၍ မီးရထားသည် လက်ပံတန်းဘူတာဆိုက်တော့ ကျွန်တော်တို့ ထမင်းစားကြတော့မည်မို့ သူ့စကားကို ကျွန်တော်က အဆုံးသတ်ပေးလိုက်ရာ–

"မရောက်သေးဘူးဆရာရေ၊ ဆေးဆရာလုပ်ပြီး လူများစွာကို ဒုက္ခပေးလိုက်သေးတယ်၊ နို့ပြီး ကျွန်တော့်ကိုလည်း အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်လိုက်သေးတယ်"

"ဗျာ... ခင်ဗျားကို"

ကျွန်တော်က အံ့သြသွားသည်။

"ခင်ဗျားပြောခဲ့တဲ့စကားတွေ ကောက်ကြည့်ရတာ ခင်ဗျားကိုတော့ သူ တော်တော်ချစ်ပုံရတယ်ဗျ"

"သူ ကျွန်တော့်ကိုချစ်တာလည်း မှန်တယ်ဗျ၊ သို့သော် သူက ဘယ်သူ့အပေါ်မှ သစ္စာစောင့်စည်းတဲ့လူမှ မဟုတ်တာပဲ၊ ကဲ... ဆရာရေ လူယုတ်မာကြီးအကြောင်း ခေတ္တရပ်ပြီး ကျွန်တော်တို့ ထမင်းစားကြစို့၊ ဆရာ ဘာဟင်းစားမလဲ"

ကျွန်တော်တို့သည် အရက်သောက်ရင်း ထမင်းစားကြ၏။ ထမင်းစားရင်း သူ့ပထွေးလေးအကြောင်း စကားဆက်စေလို၍ ကျွန်တော်က–

"သူ ဖဆပလကွက်သစ်မှာ သူ့မယားငယ်ငယ်လေးနဲ့ပေါင်းနေတုန်းက ဘာအလုပ်လုပ်သလဲဗျ"

mgyoe.com

m g y o e . c o m SAMPLE BOOK

"အောင်မာ... ဂျစ်ကားနှစ်စီး တက္ကစီထောင်ထားတာဆရာ၊ ဘယ်ဝင်ငွေသေးမလဲ၊ နောင် သူ ဘိန်းဒဏ်၊ မော်ဖီးယားဒဏ်နဲ့ လူစဉ်မမီဖြစ်သွားလို့ သူ့မယားလေး နောက်လင်နဲ့ပြေးတော့ သူ စိတ်ဓာတ်ကျဆင်းပြီး ကားတွေ ရောင်းပစ်၊ နောက် အိမ်ပါရောင်းပြီး နယ်ပြန်ရောက်တဲ့အခါကျတော့ သူက ဆေးဆရာလုပ်ရောဗျာ"

"ဟင်... သူက တတ်လို့လား"

"ဘယ်တတ်မလဲဆရာ၊ ဒါပေမဲ့ သူက ရောဂါစုံဖြစ်ခဲ့ဖူးတဲ့လူဆိုတော့ ဆေးမျိုးစုံကို နားလည်နေတယ်၊ နို့ပြီး သူက သူ့ကိုယ်သူ မော်ဖီးယားထိုးနေတဲ့လူဆိုတော့ ဆေးထိုးအပ်ကို ကောင်းကောင်းကိုင်တတ်နေတာကလားဗျ"

"ဒေါက်တာရမ်းကုဆိုပါတော့"

"ဒါပေါ့ဆရာ၊ သူ တတ်သမျှ၊ မှတ်သမျှ ထိုးဆေးတွေဝယ်ပြီး လည်ကုနေတာ၊ အင်ဂျက်ရှင်းဆိုတာက ဆရာ ဆေးနဲ့ရောဂါ စွတ်ရွတ်ပြီး အဆင်သင့်သွားတော့လည်းပျောက်၊ အဆင်မသင့်တော့လည်း လူနာကြွပေါ့၊ သူက တော့ ဆေးကုခရတာချည်းပေါ့၊ ဒီလိုနဲ့ သူစားသာနေခဲ့တာ နောက်တော့ သူ့လက်ထဲသေတဲ့ လူနာတွေချည်း များလာတော့ သူ့ယုံကြည်တဲ့လူမရှိတော့ဘူး၊ နောက်ဆုံးတော့ သူ့ကို သက်ဆိုင်ရာက အရေးယူပြီး ဆေးထိုးအပ်ကို သိမ်းပစ်လိုက်တယ်၊ အဲဒီအခါမှာ ဝင်ငွေမရှိတော့ ဟိုလျှောက်လိမ် ဒီလျှောက်လိမ်ပေါ့ဆရာ၊ နောက်ဆုံး လိမ်စရာကုန်လို့ ဆင်းရဲနွမ်းပါးတော့ သူ တစ်သက်လုံးက အလွန်အကျွံ ကမြင်းကြောထခဲ့တဲ့ရောဂါတွေ စုပေါင်းလာတော့ ဘယ်အိမ်က ဘယ်သူကမှ လက်ခံမယ့်လူမရှိတော့ ကြို့ပင်ကောက်ဆေးရုံရောက်၊ ကြို့ပင်ကောက်ဆေးရုံက သူ့ရောဂါမျိုး မကုနိုင်ဆိုပြီး ရန်ကုန်ဆေးရုံကြီးပို့တယ်၊ ရန်ကုန်ဆေးရုံကြီးရောက်တော့ ဒီရောဂါသည်မျိုးဟာ ကုမရတော့ဘူးဆိုပြီး ကြည့်မြင်တိုင်က အနာကြီးဆေးရုံပို့တယ်"

ဟုပြော၍ ကိုထွန်းနောင်သည် ခေတ္တ စကားဖြတ်ပြီးမှ ကျွန်တော့်မျက်နှာစေ့စေ့ကြည့်လျက်–

"ဆရာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ထင်ပါရဲ့၊ ကြည့်မြင်တိုင် အနာကြီးဆေးရုံမှာ ဘိန်းတွေ၊ ဆေးခြောက်တွေ ဖမ်းမိတယ်ဆိုတာ သတင်းစာထဲပါလာတယ်၊ ဆရာ ဖတ်မိလား"

mgyoe.com

"ဟုတ်တယ် ကျွန်တော်ဖတ်မိတယ် ကိုထွန်းနောင်"

"အဲဒါ ကျွန်တော့်ပထွေးလေးကြီး လက်ချက်ပေါ့ဆရာ၊ ဒါနဲ့ သူ့ကို အဲဒီဆေးရုံက မောင်းထုတ်လိုက်တော့မှ နောက်ဆုံး အခု သူတောင်းစားဘဝ ရောက်တော့တာပဲဗျို့"

"အင်း... တော်တော်ကြီး မကောင်းတဲ့လူပါလားဗျာ"

"မကောင်းတဲ့ဘက်မှာ နံပါတ်ကုန်ပေါ့ဆရာ၊ လိမ်လည်ကောက်ကျစ်တဲ့နေရာမှာလည်း ဘယ်သူ့မှ ချမ်းသာမပေးဘူး"

"အား... ခင်ဗျားကိုတောင် သူ နံ့တယ်ဆိုတာ ပြောမပြသေးဘူး"

"အဲဒါပြောရမှာဖြင့် ကျွန်တော်က ခပ်ရှက်ရှက်ပဲ၊ သူက ယုတ်မာတဲ့နေရာမှာ ဘယ်လိုလူကို ဘယ်လိုတီးရမယ်ဆိုတာ နားလည်တယ် ဆရာရဲ့၊ ကျွန်တော်က ဆရာ့လိုပဲ ကြက်ဝါသနာပါတယ်မဟုတ်လား၊ အဲဒီအကွက်ဖန်ပြီး နံ့သွားတာပဲဗျို့"

"ပြောစမ်းပါဦးဗျာ၊ ကျွန်တော်လည်း ကြက်သမားဆိုတော့ သိထားရအောင်"

"သူ ဒေါက်တာရမ်းကုဘဝက ပြုတ်တဲ့အချိန် ဟိုလူ့လိမ်၊ ဒီလူ့လိမ် လုပ်နေတုန်းမှာ တစ်နေ့ သူ ကျွန်တော့်အိမ်ကို ကြက်ဖတစ်ကောင်နဲ့ ရောက်လာတယ်၊ ကြက်က ခရမ်းဝါကြီး၊ အင်္ဂါရုပ်ကောင်းဗျ။ ကြက်သမားဆိုတာ ကြက်ချောချောမြင်ရင် မကြိုက်ဘဲ မနေနိုင်တာပဲ ဆရာ၊ ကျွန်တော်က သူ့ကြက်ကိုင်ကြည့်နေတော့ သူက (ဟေ့... ထွန်းနောင်၊ ဒီကြက်ဟာ နောက်ဆုံးပွဲမှာ ၅,၅၀၀ နိုင်ထားတဲ့အကောင်ကွ)တဲ့။ ဒီလို ၅,၅၀၀ တောင် ပွဲတက်ထားတဲ့ ကြက်မျိုးကို သူ့လက်ထဲ ဘယ်လို ရောက်လာသလဲ၊ စဉ်းစားစရာ မဟုတ်ဘူးလားဆရာ"

"ဒါပေါ့ဗျာ... ၅,၀၀၀ ကျော်တောင် နိုင်ထားတဲ့ ကြက်မျိုးကို ၅၀၀ ပေးတောင် ဘယ်ရောင်းမှာလဲဗျ"

"ဟုတ်တာပေါ့၊ ဒါနဲ့ ကျွန်တော်က (ပထွေးလေး ဒီကြက်ကို ဘယ်လို ရခဲ့တာလဲ၊ ဘယ်လောက်ပေးဝယ်ခဲ့တာလဲ)မေးတော့ သူက (ဘယ် ဒီကြက်မျိုးက ဝယ်လို့ရမလဲကွ၊ ဒီကြက်ရှင်ကို ငါက ဆေးကုဖူးတယ်ကွ၊ ငါကုလို့ ပျောက်တဲ့အခါကျတော့မှ ငါက သူ့ကို ဆရာသမားလေသံနဲ့ ခင်ဗျား အခု

mgyoe.com

အသက်လည်းကြီးလှပြီ၊ ဒီကြက်တိုက်တဲ့ အကုသိုလ်အမှုတွေ မပြုပါနဲ့တော့၊ ခင်ဗျားအသက်ကို ကျုပ်ကယ်ခဲ့တာ ကျေးဇူးတင်တယ်ဆိုရင် ခင်ဗျား ဒီကြက်ဖကို ကျုပ် လှူလိုက်ပါဆိုလို့ ရလာတာကွ၊ အဲဒါ မင်း သတိရတာနဲ့ ဩော်... ငါ့တူတော့ မစ,ဦးမှဆိုပြီး) ယူလာခဲ့တာ"

"ဒါနဲ့ ခင်ဗျားက ယူလိုက်ရောလား၊ ကိုယ့်လက်ထဲရောက်မှ မတိုက်ခင် စမ်းမကြည့်ဘူးလား၊ ကြက်ဆိုတာက အင်္ဂါရုပ်ကောင်းတိုင်း ကြက်ကောင်းတာ မဟုတ်ဘူးဗျ"

"ဟာ... ကျွန်တော်သိတာပေါ့ဆရာ၊ ဒါနဲ့ သူယူလာတဲ့နေ့ သူ့ရှေ့မှာပဲ ကျွန်တော့်အိမ်မှာရှိတဲ့ ကြက်ကလည်း ရွယ်တူဖြစ်နေလို့ နှစ်ကောင် လွှတ်ကြည့်တာ၊ ဟာ... သူယူလာတဲ့ကြက်က တကယ့်ကြက်ကောင်းပဲဆရာ၊ ခွပ်လမ်းစုံ၊ ပညာစုံပဲ၊ ကျွန်တော့်ကြက်ကချည်း ခံရတာပဲ၊ ဒါနဲ့ သူက (ထွန်းနောင် တော်တော် မင်းကြက် သေလိမ့်မယ်)ဆိုလို့ ကော်က်ထား ရတယ်၊ ဒီလို ကြက်ကောင်းရတော့ ကျွန်တော်လည်း ဝမ်းသာတာပေါ့ဆရာ၊ ဒါနဲ့ (ပထွေးလေးကြက်တော့ ကျွန်တော်ကြိုက်ပြီ၊ ဘယ်လောက်ပေးရမလဲ) ဆိုတော့ (ဒီကြက်မျိုးက အဖိုးဖြတ်လို့တော့ ဘယ်ရမလဲကွာ၊ အမှန်ဆိုရင် ငါ့တူကို အလကားပေးဖို့ပဲ၊ ဒါပေမဲ့ အခုအခြေ ပထွေးလေးမှာ နွမ်းပါး နေတော့ ငါ့တူ သဒ္ဓါသလောက်ပဲ မ,စပါ)ဆိုလို့ ကျွန်တော် ငွေ ၁၀၀ ပေးယူလိုက်တယ်ဆရာ၊ နောင် ဒီကြက်တိုက်လို့ အကျိုးရှိတယ်ဆိုလည်း ပထွေးလေးကို ပေးပါဦးမယ်လို့ စကားခံလိုက်ရသေးတယ်"

"သူ ပြန်သွားပြီးတဲ့နောက် ကျွန်တော့်မိတ်ဆွေ ကြက်သမားတွေနဲ့ ဒီကြက်ကို ခွပ်လက်ပြကြည့်တော့ အားလုံးပဲ ကြိုက်ကြတယ်။ တို့အထဲ ကြက်ကောင်းတစ်ကောင်ရပြီရယ်လို့ ဝမ်းသာကြတယ်၊ ဒါနဲ့ ကျွန်တော် ကြက်ကို သေသေချာချာမွေးပြီး နှစ်ပတ်လောက်အကြာမှာ ကျွန်တော့်မိတ် ဆွေတစ်စုနဲ့ မှော်ဘီ ချိန်းဝိုင်းကြီးသွားချတယ်၊ အဲဒီတုန်းက မှော်ဘီဝိုင်းဟာ အကြီးဆုံးဗျ၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်က ကြက်တွေလည်း လာကြ တယ်၊ ဒါနဲ့ ကျွန်တော်တို့ကြက်ကို ဆင်မြီးဆွဲက ဖွဲဆိုတဲ့ကြက်နဲ့ ဆွယ်မိရော။ ကျွန်တော်တို့ကြက်ကတောင် ကြက်စကြက်န သာသေးတယ်၊ ဒါနဲ့ ကျွန် တော်တို့ လက်ရင်း ၁,၁၀၀ လွှတ်ရော ပထမ တစ်ရေမှာပဲ ကျွန်တော်တို့

mgyoe.com

mgyoe.com

ကြက်က ကြက်ခွပ်သာနေတော့ ၁၀၀ အစိတ်ကဲပြီး ကျွန်တော်တို့ကြက်ဘက်က ကြေးကျောပေးကြတယ်၊ ဟိုဘက်က မဆွဲဝံ့ကြဘူး။ ဒုတိယရေကျတော့ ကျွန်တော်တို့ဘက်က ၅၀ နဲ့ ၁၀၀ ခေါ်ရောဗျို့၊ ဒီတော့မှ ဟိုဘက်က လောင်းတဲ့လူတွေ ပေါ်လာတယ်၊ ဟာ... ကျုပ်တို့ဘက်ကလည်း အားရပါးရ လောင်းကြတာပဲ၊ ကျုပ်တို့ကြက်ကချည်း တစ်ဖက်သတ် ခွပ်နေတာကိုးဗျ၊ ဒီတော့ ၅၀ နဲ့ ၁၀၀ အထက် ကြက်ကချည်း ဆွဲတဲ့လူက များနေတော့ ၁၄၀၊ ၁၀၀ နဲ့ ၃၀ ခေါ်ပြီး တကတဲ လုဆွဲကုန်ကြရောဗျာ၊ အဲသည်တုန်းက ဟိုဘက်ကြက်က တစ်ဖက်သတ် ခံနေရတာတောင် သူတို့ အောက်ကြေးက ဆွဲကြတာကို ကျွန်တော်တို့ စဉ်းစားဖို့တော့ ကောင်းသဗျ၊ နောက်ဆုံး ဆရာရယ် ၁၀၀ နဲ့ ၁၀ ကို အလုအယက် ဆွဲနေကြတုန်း ကျွန်တော်တို့ကြက်ကြီးဟာ သူကချည်း ခွပ်နေရာက တဖြည်းဖြည်း စိတ်လျှော့ပြီး ဂရော်ဂရော် အော်ပြီး ထွက်ပြေးပါရောလား”

ယင်းမှ ကျွန်တော့်မှာ ရယ်မောမိကာ–

“လက်စသတ်တော့ ကြက်ပြေးကြီးလားဗျာ”

ဒီနေရာမှာ စာဖတ်သူများ နားလည်ရန်ကား ကြက်ပြေးဆိုသည်မှာ တိုက်ပွဲတစ်ခု၌ သူ မနိုင်၍ ပြေးခဲ့ဖူးအံ့၊ ခွပ်ချိန် ဘယ်လောက်ကြာတွင် ပြေးပါသနည်း။ ဥပမာ တစ်နာရီအကြာတွင် ပြေးခဲ့မည်ဆိုအံ့၊ နောက်ပွဲတွေမှာလည်း သူ ဘယ်လောက်ပဲ အရေးသာနေနေ ထိုခွပ်ချိန် တစ်နာရီစေ့သည်နှင့်တစ်ပြိုင်နက် သူ စိတ်ငယ်ပြီး ဇာတိပေါ်၍ ပြေးတော့၏။ ထို့ကြောင့် ကြက်သမားတို့မည်သည် ကိုယ့်ကြက် ဘယ်လောက်ကောင်းကောင်း ပြေးဖူးတဲ့ကြက်ကို မသုံးတော့။ ဒီကြက်ရဲ့သားများကိုလည်း မသုံးတော့။ ဘာကြောင့်ဆို ဖအေလိုပဲ ပြေးတတ်ကုန်၏။

“ကြက်ပြေးပေါ့ဆရာရယ်”

ကိုထွန်းနောင်က စကားဆက်၏။

“ဒီကြက်ဇာတိက မင်းလှကတဲ့၊ ဝိုင်းပြီးတော့မှ သူ့အကြောင်းသိတဲ့လူတွေက ပြောပြတာ၊ ဒီလိုပဲ သူခွပ် သူပြေး ပြေးလို့ ကြက်ရှင်က ကိုင်ရိုက်မယ်လုပ်နေတုန်းမှာ ဒေါက်တာရမ်းကု ထွန်းပေါ်က မသတ်ပါနဲ့ကွာ၊ ရန်ကုန်က ကြက်ရှူးတွေ ငါ ရောင်းစားပါရစေဆိုပြီး တောင်းလာတာတဲ့

mgyoe.com

ဆရာရဲ့၊ အဲဒီတော့ ဒီပြင်လူနဲ့ အဆင်မပြေဘဲ ကျွန်တော့်ဆီရောက်လာတာကိုး ဆရာရဲ့၊ အဲဒီကြက်ပွဲမှာ ကျွန်တော် ရှက်လိုက်တာ ဆရာရယ်"

"ကျွန်တော် တညင်းကုန်းဝိုင်းမှာ ကျွန်တော့်ကြက်ဝင်ကြီး ရှုံးတာထက် ဆိုးနေတာပဲ ကိုထွန်းနောင်ရယ်"

"ဒါပေါ့ဆရာရဲ့၊ ဆရာ့ကြက်က သူ့မနိုင်လို့ အသေခံပြီးရှုံးတာ ဂုဏ်မပျက်ပါဘူး၊ ကျွန်တော့်ကြက်က သူခွပ်နေရာက ပြေးတယ်ဆိုတော့ ကျွန်တော့်ကြက်ယုံလို့ အလေးကျောပေးပြီး ပုံလောင်းကြတဲ့လူတွေလည်း ကျွန်တော် မျက်နှာမပြရဲတော့ဘူး၊ ဒီပွဲမှာ ကျွန်တော့်ဘက်ကလူတွေ ရှုံးလိုက်တာ ဝက်ဝက်ကွဲပေါ့ဆရာရယ်"

"အဲဒီကြက်ရှုံးပြီးမှ ခင်ဗျား ပထွေးလေးကြီး အိမ်လာသေးလား"

"အနာကြီးဆေးရုံက မောင်းထုတ်လိုက်တုန်းက နောက်ဆုံး ရောက်လာတာပဲ၊ သူ့မြင်မြင်ချင်း သတိရပေမဲ့ ကျွန်တော့်စိတ်ထဲ နာကြည်းလွန်းလို့ စကားဆက်မပြောလိုက်ပါဘူး၊ အိမ်မှာ ကြာကြာမနေဖို့ပဲ တွန်းထုတ်လိုက်တယ်"

"ဒါနဲ့ ခုနတွေ့တုန်းက သူမေးတာ အဲဒီကြက်အကြောင်းပဲမဟုတ်လား"

"ဟုတ်မှာပေါ့၊ သူ ကျွန်တော့်ပေးဖူးတာ ဒီကြက်တစ်ကောင်ပဲ ရှိတာပဲ"

ထိုအခါ၌ ဤသူတောင်းစားကြီး၏ရုပ်သည် ကျွန်တော့်မျက်စိထဲ ပေါ်လာ၍–

"သူ့ပုံသဏ္ဍာန်ကြည့်ရတာ မတ်တတ်ရပ်သွားနေတဲ့ လူသေကြီးလိုပဲ၊ အလောင်းကောင်ကို ဒေါက်တာဖရင်ကင်စတိန် အသက်သွင်းထားတဲ့ အတိုင်း"

"သူ့ကို အသက်သွင်းထားတာကတော့ ဒေါက်တာ ဖရင်ကင်စတိန် မဟုတ်ဘူးဆရာရဲ့၊ ဒေါက်တာအိုပီယန်ပဲ။ သူဟာ ဘိန်းကို နာရီပိုင်းနဲ့ အလျှဉ်မပြတ်အောင် မျိုနေရတယ်၊ သူ့အိတ်ထဲမှာ ဘိန်းအမြဲရှိရတယ်"

"ဟ... ဟ သူ့အကြောင်း ပြောတုန်းဆိုတုန်း ဒီလူကြီး အသက်ရှည်ဦးမယ်ဗျို့၊ ဟိုမှာ ကျွန်တော်တို့ဆီ လာနေပြန်ပြီ"

mgyoe.com